သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ၉၇/၉၈

HOLY CROSS THEOLOGICAL COLLEGE
YANGON

# ရှာလုံ

စာစောင်



Salai Albert



စာပေသည် လူ့သမိုင်းဖြစ်စဉ်များ ကိုမှတ်တမ်းတင် လက်ဆင့်ကမ်းပေးသည်။

## ဥယျောဇဉ်

နှုတ်နှင့်ဟောပြောသူတိုင်း ပေလက်အက္ခရာတင်နိုင်သူမဟုတ်ပေ။ စာပေသည် လူ့သမိုင်းဖြစ်စဉ်များ ကိုမှတ်တမ်းတင် လက်ဆင့်ကမ်းပေးသည်။ လူသားတို့ခံစားချက်များကို သူတစ်ပါးတို့အား ဝေမျှခံစားစေခြင်းလည်း ဖြစ်သည်။ လူသားတို့ဘဝအသက်တာကိုတိုးတက်အောင်၊ အခက်အခဲများ ရင်ဆိုင်ဖြေရှင်းနိုင်အောင် အင်အားစုံတစ်ခုလည်းဖြစ်သည်။

အချိန်တိုင်းတွင်ခံစားမှုတိုင်းကို စာပေနှင့် အက္ခရာတင်နိုင်ခြင်း မရှိသော်လည်း နှလုံးသားတွင်အက္ခရာတင်ခြင်းကိုမူ လူတိုင်းလုပ်ဆောင်နိုင်ကြသည်။ အခွင့်အခါကြုံသည်နှင့် စာပေအက္ခရာနှင့် လူအများသိရှိအောင် ရေးသားဖော်ထုတ်ကြသည်။

မွေတက္ကသိုလ်အနေဖြင့် ငွေကြေးအားနည်းခြင်းကြောင့်လည်းကောင်း၊ ဝါသမအားထုတ်သူနည်းပါးခြင်း၊ စိတ်ဝင်စားသူ လျော့ပါးခြင်းတို့ကြောင့် နှစ်စဉ်မဂ္ဂဇင်းထုတ်ဝေခြင်း မပြုနိုင်ပါ။ တစ်ခါတစ်ရံသာပေါ်ထွက်လာသော်လည်း ဝယ်ယူအားပေးသူများကို ကျောင်းတော်ကြီးကိုယ်စား အထူးကျေးဇူးတင်ရှိပါသည်။ ဤအနည်းငယ်သောစာပေအားဖြင့် အသိအမြင်နှင့် ဝိညာဉ်ခွန်အားရရှိနိုင်ကြစေကြောင်း မေတ္တာပို့ဆုတောင်း ပေးပါသည်။

ဘုန်းတော်ကြီးအကဲစိုးထိန်းအုပ်
ကျောင်းအုပ်ကြီး

## မာတိကာ


| | | | တမျက်နှာ |
|---|---|---|---|
| ၁။ | ဥယျောဇဉ် | | ၁ |
| ၂။ | မာတိကာ | | ၂/၃ |
| ၃။ | ကော်မတီဝင်များ | | ၄ |
| ၄။ | အယ်ဒီတာအာဘော် | | ၅ |
| ၅။ | ကျေးဇူးစကား | | ၆ |

### ဆောင်းပါးအတွေ့တွေ

| | | | |
|---|---|---|---|
| ၆။ | သန့်ရှင်းသူ၏ခြေလှမ်းများ | လှိုင်း(ပထမနှစ်) | ၇ |
| ၇။ | စာတန်မင်းကြီးနှင့် လက်အောက်အမှုထမ်းလေးယောက် | မိုင်အောင်မြို့(ဒုတိယနှစ်) | ၁၀ |
| ၈။ | ကြာအင်းရွာ ညခင်းသာ ပျော်မှာပါ့လေး | ရဲထွန်း(ပထမနှစ်) | ၁၃ |

### ကဗျာကဏ္ဍ

| | | | |
|---|---|---|---|
| ၉။ | နံနက်ခင်း၌ နိုးထခြင်း | ကိုမျိုး(ပြည်) | ၂၀ |
| ၁၀။ | ကြေကွဲအလွမ်း | လှိုင်း(ပထမနှစ်) | ၂၁ |
| ၁၁။ | လမ်းဖောက်သမား | ဝံသ(ပထမနှစ်) | ၂၂ |
| ၁၂။ | အေးရိပ်ငြိမ်း | စောပိုက်(ပထမနှစ်) | ၂၃ |
| ၁၃။ | သခင့်ချစ်သူ | **Joshua** (ပထမနှစ်) | ၂၄ |
| ၁၄။ | သခင့်မှုတော်ထမ်းခဲ့ပြီ | ဝံသ(ပထမနှစ်) | ၂၅ |
| ၁၅။ | ကိုယ်တော့်မေတ္တာ မြတ်ဆုံးသာ | ရဲထွန်း(ပထမနှစ်) | ၂၆ |
| ၁၆။ | တင်းကျပ်စွာဖက်တွယ်ခြင်း | ဆောင်းအိမ်(ကျေတု) | ၂၇ |
| ၁၇။ | မေမေနှင့် ကျောင်းတော်ကျေးဇူး | ပိုးသီ(အင်းတော်) | ၂၈ |
| ၁၈။ | မှ . . သို့ . . အခ[illegible] | **Joshua** (ပထမနှစ်) | ၂၉ |
| ၁၉။ | [illegible] | ရှမ်းဘုတ်(ရေလဲမြေ) | ၃၀ |
| ၂၀။ | [illegible] | **Joshua** (ပထမနှစ်) | ၃၁ |




### ဝတ္ထုတို ကဏ္ဍ


| | | | တမျက်နှာ |
|---|---|---|---|
| ၂၁။ | ပီတိမျက်ရည် | ဝံသ(ပထမနှစ်) | ၃၂ |
| ၂၂။ | ကောင်းသောအရာ တွေ့အောင်ရှာ | စောရော်ဘင် | ၃၇ |
| ၂၃။ | အချစ်ဆုံးကို စွန့်ရဲသူအတွက် | လှိုင်း(ပထမနှစ်) | ၄၀ |
| ၂၄။ | အမေ့အတွက် လွှမ်းချင်း | လှိုင်း(ပထမနှစ်) | ၄၄ |
| ၂၅။ | အနာဂါတ်သို့ဆီ | **Joshua** (ပထမနှစ်) | ၄၇ |
| ၂၆။ | လိုနေသေးသည် | လှိုင်း(ပထမနှစ်) | ၄၉ |
| ၂၇။ | လောကရှိအသင်းတော် | ကိုမျိုး(ပြည်) | ၅၀ |

### ပြုံးစရာ

| | | | |
|---|---|---|---|
| ၂၈။ | သွားခေါ်နေလို့ | ရှမ်းဘုတ်(ရေလဲမြေ) | ၅၄ |
| ၂၉။ | ပြောလိုက်ပုံက | ရှမ်းဘုတ်(ရေလဲမြေ) | ၅၄ |
| ၃၀။ | ဆုတောင်းနည်းသစ် | ရှမ်းဘုတ်(ရေလဲမြေ) | ၅၄ |
| ၃၁။ | ဦးပြုံးရဲ့ဆုတောင်းချက် | မိုင်မြို့ | ၅၄ |

### ကျောင်းအင်အား

| | | | |
|---|---|---|---|
| ၃၂။ | ၁၉၉၇-၉၈ ခုနှစ်၊ သန့်ရှင်းသောကားတိုင် မွေတက္ကသိုလ်တွင်<br>-သင်ကြားပို့ချသော ဆရာ/ဆရာမများ။<br>-ကျောင်းသူ/ကျောင်းသားများ။<br>-ရှေ့လုပ်ငန်းစဉ်များ။ | ဆလိုင်းဒါဝိတ်(တတိယနှစ်) | ၅၅ |

## ရှာလုမ်စာစောင်ဖြစ်မြောက်ရေး ကော်မတီဝင်များ

၁။ ဘုန်းတော်ကြီး စတီဗင်သန်းမြင့်ဦး (အယ်ဒီတာ)

၂။ ဆလိုင်းဒါဝိဒ် (အဖွဲ့ဝင်)

၃။ စောမောင်မောင်နိုင် (အဖွဲ့ဝင်)

၄။ ဦးထွန်းပ (အဖွဲ့ဝင်)

<u>ပံ့ပိုးအလှူဆင်ပေးသူများ။</u>

ကွန်ပြူတာ — - ဘုန်းတော်ကြီး ဂျိမ်း(စ်)မင်းဒိန်<br>ဗဟိုချုပ်လူငယ်ဌာနတာဝန်ခံ<br>- အစေခံတစ်ဦး

မျက်နှာဖုံးနှင့်<br>အတွင်းပန်းချီဒီဇိုင်း | — - ဘုန်းတော်ကြီးဝင်းနန္ဒာထွန်း

ရှာလုမ်စာစောင်<br>သန့်ရှင်းသောကားတိုင် မွေတက္ကသိုလ်<br>၁၀၄-အင်းလျားလမ်း<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



## အယ်ဒီတာအာဘော်

စကားစကား ပြောပါများ၊ စကားထဲကဇာတိပြတဲ့၊ အခုတစ်မျိုးပြောချင်ပါတယ်။ စာစာရေးပါများ၊ စာထဲကဇာတိပြ. . လို့။ လိမ်လို့မရဘူးလေ။ ဇာတိပြတဲ့တစ်လုံးလောက်တော့အနည်းဆုံးပါမှာဘဲ။ အကြံကုန် ဂဠုံဆားချက်တဲ့သဘော၊ အခွင့်အရေးမျှော်ပြီး ကျမ်းစာကျောင်းတက်တဲ့သဘောတွေ တစ်လုံးလောက်များပါသလား ဆိုတာ ဒီစာစောင်ကိုဖတ်ကြည့်ရင် သိပါလိမ့်မယ်။

ကျမ်းစာကျောင်းသား၊ မွေတက္ကသိုလ်ကျောင်းသားလို့ခေါ်ကြပါတယ်၊ ဒါပေမယ့် သူတို့ဟာ မိမိတို့ရဲ့လောကီဆိုင်ရာ ကြီးပွားတိုးတက်ခြင်းတွေစွန့်ပြီး၊ ကားတိုင်လမ်းကိုမှ တမင်ရွေးချယ်လိုက်တဲ့ သူရဲကောင်းတွေပါ။ သူတို့ရမယ့်ဆုတွေက ဆင်းရဲခြင်း၊ နာကျင်ခြင်း၊ ခွန်လွှတ်ရခြင်းနဲ့ မျက်ရည်တွေပါ။ သူတို့ကိုင်မယ့်လက်နက်က မေတ္တာနဲ့သမ္မာကျမ်းစာပါ။ သူတို့ပေးမဲ့အရာကတော့ (ဝါ) သူတို့ကြိုးစားမဲ့အရာကတော့ "ရှာလုမ်"ဟာလောကကြီးမှာအစဉ်ဖြစ်တည်နေရေးဘဲ။ "ရှာလုမ်" ကို လူသားရဲ့ဝေါဟာရတွေနဲ့ ပြည့်စုံအောင် အဓိပ္ပါယ်ဖွင့်ဖို့မလွယ်ပေမဲ့ အနီးစပ်ဆုံးကတော့ "ငြိမ်းချမ်းငြိမ်သက်ခြင်း"ပေါ့။ ဘုရားကသာပေးနိုင်တဲ့အရာဖြစ်ပါတယ်။

အခုလက်ရှိ သာသနာ့နယ်ပယ်အသီးသီးမှာဆက်ကပ်အစေခံနေတဲ့ကျောင်းတော်ကြီးရဲ့နောင်တော်၊ အစ်မတော်များက "ရှာလုမ်"စာစောင်ကို မွေးဖွားပေးခဲ့တာပါ။ အခုမျိုးဆက်သစ်ညီငယ်၊ ညီမငယ်များက ရှာလုမ်ကို ဆက်လက် ပြုစုပျိုးထောင်ကြတယ်လေ။ ဒါ အင်္ဂလီကန်တို့ရဲ့ ချစ်စရာ သဘာဝတစ်ခုဘဲပေါ့။ ဒါ်ငါတို့အသင်းတော်ကြီးအတွက် အမှုတော်ဆောင်တွေမွေးထုတ်ပေးနေတဲ့ကျောင်းကြီးဘဲဆိုပြီး အဖက်ဖက်က ဝိုင်းဝန်းပံ့ပိုးကြတာကလဲ အင်္ဂလီကန်တို့ရဲ့ ချစ်စရာလေ့ပါဘဲ၊

ရှာလုမ်စာစောင်ဟာ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတဲ့စာအုပ်တစ်အုပ်သာမက ရှာလုမ်ဆိုတဲ့ "ငြိမ်းချမ်းငြိမ်သက်ခြင်း" လောကမှာ ထာဝရဖြစ်တည်နေဖို့အတွက်၊ ကားတိုင်လမ်းကိုတမင်ရွေးလျှောက်ခဲ့တဲ့ အစေခံလူသားတို့ရဲ့နှလုံးသားမှ ပွင့်အံထွက်လာတဲ့ခံစားချက်များဘဲဖြစ်ပါတယ်။ ရှာလုမ်စာစောင်ကို မြည်းစမ်းရင်းနဲ့ "ရှာလုမ်"ကို ရရှိခံစားနိုင်ကြပါစေ။


အယ်ဒီတာ


**ကျေးဇူးစကား**

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီး
ဆက်လက်ရှင်သန်ရန် ခွန်အားပေးတော်မူသော
ဘုရားရှင်ကို ဦးစွာ ကျေးဇူးတော်ချီးမွမ်းပါသည်။
လမ်းညွှန်ကူညီဖေးမကြသော
သာသနာပိုင်ချုပ်နှင့် သာသနာပိုင်များ
ဘုန်းတော်ကြီးများ
ကော်မတီလူကြီးများ၊ စေတနာအလှူရှင်များနှင့်
စိတ်ဝင်စားမှုပြလျက် ဆုတောင်းမေတ္တာပို့သကြသူ
အသင်းသူ၊အသင်းသားအားလုံးကို
အထူးကျေးဇူး ဥပကာယတင်ရှိပါသည်။

ရှာလုမ်စာစောင်





**Holy Cross** (သန့်ရှင်းသောကားတိုင်) ဟူသောဝေါဟာရသည် ကျွန်ုပ်၏နှလုံးသားထဲနက်ရှိုင်းစွာ အမြစ်တည်နေသော**'နာမ'**ပင်ဖြစ်သည်။ သခင်ခရစ်တော်သည် လောကီသားတို့အားအပြစ်မှကယ်တင်ဖို့ ကားတိုင်ပေါ်တွင် အသေခံတော်မူခဲ့ ကြောင်းအစဉ်သတိရအောက်မေ့ဖို့ရန်လမ်းညွှန်နေသည်မှာ 'သန့်ရှင်းသောကားတိုင်' ပင်ဖြစ်ပါသည်။ အရာရာ၌ကောင်းမွန်စင်ကြယ်ပြည့်စုံခြင်း၊ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော လောကီတပ်မက်မှုကင်းစင်သည့် 'သန့်ရှင်းသောကားတိုင်' ၏နာမသည်လည်းအစဉ်ထာဝရ ရှင်းသန့်နေမည်ဖြစ်ပါသည်။ ဤသို့သောနာမဖြင့်သမုတ်ထားသည့် ကျွန်ုပ်တို့၏ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ခြေလှမ်းသည်လည်း အစဉ်သန့်ရှင်းလန်းဆန်းတက်ကြွစွာ ဆက်လှမ်းနေဆဲပင်ဖြစ်သည်။ အရှင်ခရစ်တော်၏အသင်းတော်၊ နိုင်ငံတော်အတွက် သန့်ရှင်းမှုပြည့်ဝသော ခြေလှမ်းများဖြင့် ရှေ့သို့ထာဝရလျှောက်လှမ်းနေမည်မှာ အမှန်ပင်တည်း။

## သန့်ရှင်းသူ၏ အတိတ်ပုံရိပ်လွှာ

ဂလာတိ ၃း၂၈ တွင် 'သင်တို့အပေါင်းသည် တစ်လုံးတစ်ဝတည်းဖြစ်ကြ၏'ဟူ၍ဖော်ပြချက်အတိုင်း သခင်ခရစ်တော်အတွက် အစေခံကောင်းများမွေးထုတ်ဖို့ရန် အိန္ဒိယ၊ မြန်မာပြည်နှင့် သီဟိုဆိုင်ရာ သာသနာပိုင်ချုပ်ကြီး ဒေါက်တာ ဖော့ဝက်(စ်)ကော့ (The Most Rev Foss Westcott) သည် ၁၉၃၄-ခု၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ဤကျောင်းတော်ကြီးကိုအုတ်မြစ်ချပေးကာ ၁၉၃၅-ခု၊ ဖေဖော်ဝါရီလ(၂၇) ရက်နေ့တွင် သာသနာပိုင်ဂျေ့အေဝက်စ်က ကျမ်းစာကျောင်းအနုမောဒနာပြုခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။ ကျောင်းကြီးစတင်ဖွင့်လှစ်သည့် ၁၉၃၅-ခုနှစ်တွင် ကျောင်းအုပ်မှာ ဘုန်းတော်ကြီး ဂျေ့အယ်ပသိလ်တန်ဖြစ်ပြီး သင်တန်းသား(၂၇)ဦးတက်ရောက်ခဲ့သည်။ ထိုအချိန်မှစ၍ အသင်းတော်အတွက်အစေခံကောင်းများမွေးထုတ်ပေးခဲ့ရာ ၁၉၄၂-ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကျောင်းကြီးကို ခေတ္တပိတ်ထားခဲ့ရသည်။ စစ်အပြီး ၁၉၄၂-ခု၊ ရောက်သောအခါ ဘုန်းတော်ကြီး ဂဲရက် (Rev RW. Garrad M.A) က ယာယီတာဝန်ခံအဖြစ်ဆောင်ရွက်၍ ပြန်လည်ဖွင့်လှစ်ရာ သင်တန်းသား (၃)ဦးတက်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်အရောက် ဘုန်းတော်ကြီး ကင်နင်ဂျီ၊ တိုင်ဒီက ကျောင်းအုပ်အဖြစ်တာဝန်ယူကာ ဆက်လက်ဖွင့်လှစ်ခဲ့သည်။ ၁၉၅၀-ခုနှစ်တွင် ခေတ္တပိတ်ထားရပြီး ၁၉၅၀-၅၄ထိ၊ ခရစ်ယာန်တက္ကသိုလ်ကျောင်းသားများဘော်ဒါဆောင်အဖြစ်အသုံးပြုကာ လ/ထ သာသနာပိုင် ဦးဖရန်စစ်အာမြကအဆောင်မှူးအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၅-ခုနှစ်တွင် ကျောင်းကြီးကို သာသနာပိုင်ကြီးရှားဘန်းက ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းအုပ်မှာ ပထမဦးဆုံးတိုင်းရင်းသားကျောင်းအုပ်ဘုန်းတော်ကြီးဂျေ့ မောင်မေ ဖြစ်ပြီး လက်ထောက်မှာ ဘုန်းတော်ကြီး အက်စ်စံဟူးဖြစ်သည်။ ၁၉၅၉ ၁၉၆၁၊ ၁၉၆၂ ခုနှစ်များတွင် ကျောင်းသား(၅)ယောက်အားအင်္ဂလန်၊ သြစတြေးလျပြည်တို့သို့ ပညာသင်ကြားရန်စေလွှတ်ခဲ့ပါသည်။

၁၉၆၀-ခုနှစ်နောက်ပိုင်းမှစ၍ သာသနာပိုင်ကြီး ရှားဗန်းသည် တက္ကသိုလ်ဘွဲ့ရလူငယ်များကို ဓမ္မကောလိပ်၌ လက်ခံသင်ကြားခဲ့ပါသည်။ ထိုအချိန်က ကျောင်းကြီး၏ ငွေရေးကြေးရေး အထောက်အပံ့အတွက်သာသနာပိုင်နယ် အရပ်ရပ်မှ အလှူခံပစ္စည်းများ ရောင်းချရံပုံငွေရှာနည်း ဈေးရောင်းပွဲကို ၁၉၅၆-ခုမှစတင်ပြုလုပ်ခဲ့သည်။ ၁၉၆၆-ခုနှစ် ရောက်သောအခါ ကျောင်းကြီးသို့ အခြေခံပညာ အထက်တန်းအောင်မြင်သူများကိုသာတက်ရောက်ခွင့်ပြုခဲ့သည်။ ကျောင်းတော်ကြီး၏ ပထမခြေလှမ်းအစပိုင်းတွင် ကျောင်းသားဦးရေများပြားရာမှ နောက်ပိုင်းတဖြည်းဖြည်း လျော့နည်းကာ ၁၉၇၀-ခုနှစ်တွင် သင်တန်းတက်ရောက်သူ တစ်ဦးမျှမရှိခဲ့ပေ။ ထိုထိုသောအခြေအနေများကြားမှ ဓမ္မပညာနှင့် သီချင်းလိုက်ဂျီလူငယ်အချို့မှာ အချိန်ပြည့်အမှုဆောင်များဖြစ်လာသည့်အပြင် ဓမ္မပညာနှင့် သီချင်းလိုက်ဂျီပညာဆိုင်ရာဘွဲ့ဒီဂရီရသူများလည်း အနည်းငယ်ပေါ်ပေါက်လာခဲ့ပါသည်။

၁၉၇၀-ခုနှစ်မှ ယနေ့အထိ 'သန့်ရှင်းသောကားတိုင်' သည် သင်တန်းတက်ရောက်သူများအား သင့်တော်ရာအလိုက် ခရစ်တော်၏ အစေခံကောင်းများဖြစ်စေခဲ့သည့်အပြင် ထူးချွန်သူများကို နိုင်ငံရပ်ခြားသို့ပညာတော်သင်စေလွှတ်ခဲ့ပါသည်။ ဘုရားရှင်၏နိုင်ငံတော်၊ အသင်းတော်အတွက် အခက်အခဲပြဿနာအမျိုးမျိုးကို ဖြတ်ကျော်ကာ ရေပမာ ကွေ့ဝိုက်ဖြတ်သန်းပြီး အစေခံကောင်းများ မွေးထုတ်ရေးခြေလှမ်းများဖြင့် ချီတက်နေသည်မှာ 'သန့်ရှင်း' သူ၏ဝမ်းမြောက်ကြည်နူးဖွယ်အတိတ်အရိပ်များပေတည်း။



## ယနေ့မှသည်ထာဝရမနက်ဖြန်သို့ခြေလှမ်းများ

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ခရီးစဉ်ကို လက်ချိုးရေတွက်ကြည့်သော် ကုန်လွန်ခဲ့သည့် ၁၉၃၅-ခုမှ ယနေ့ထိ နှစ်ပေါင်း (၆၂)နှစ်တိုင်တိုင်ရှိခဲ့လေပြီ။ ၁၉၈၅-ခုတွင် ကျရောက်သော ရွှေရတုမှသည် စိန်ရတု ခြေလှမ်းခရီးထက်ဝက်သို့တိုင် ရောက်နေပြီဖြစ်သည်။ ကျောင်းတော်ကြီးသို့ အစေခံအသက်တာအတွက်ပြင်ဆင်ရန်ရောက်လာကြသောအမှုဆောင်လောင်းများနှစ်စဉ်နှင့်အမျှတရိပ်ရိပ်တိုးပွားလျက်ရှိနေပါသည်၊ ယနေ့ ကျေးဇူးတော်ကာလတွင် မြန်မာနိုင်ငံတဝှမ်း ယုံကြည်သူ ဦးရေ တိုးပွားလာပေရာ အသင်းတော်ကိုဦးဆောင်ထိန်းသိမ်းလမ်းညွှန်ပေးရန် လိုအပ်လျက်ရှိပါသည်။ ဤသည်ကို သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်က အဓိကနေရာမှ ဖြည့်ဆည်းပေးနေပါသည်ဟုဆိုပါမူ မှားလိမ့်မည်မထင်ပါ။

ယနေ့ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် ဘုန်းတော်ကြီး အက်စ်ထန်အုပ်က ကျောင်းအုပ်အဖြစ်ဦးဆောင်လမ်းညွှန်မှု ပြုကာ နည်းပြဆရာ၊ဆရာမစုစုပေါင်း (၉)ဦး၊ သင်တန်းသား (၂၉)ဦးနှင့် သင်တန်းသူ (၆)ဦး စုစုပေါင်း(၃၅)ဦး သင်ကြားတက်ရောက်လျက်ရှိပါသည်။ ကျောင်းတော်ကြီးဖွင့်သန်းရာခရီးစဉ် တလျှောက် သင်တန်းတက်ရောက်သူဦးရေအများဆုံးဖြစ်ပါသည်။ သင်တန်းအချိန်တွင် ဝိညာဉ်ဆိုင်ရာ ဘာသာရပ်များ၊ ပြင်ပဗဟုသုတ၊ အဖိုးမဖြတ်နိုင်သော စာပေပညာရပ်များ၊ ယနေ့ကမ္ဘာသုံးအင်္ဂလိပ်စာပေအရေးအသား၊ စကားပြောတို့အပြင် ဂေးဂီတစသည်တို့ကို အသေးအလေးပေးသင်ကြားပါသည်၊ သင်ကြားပြသသောဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာပြည့်ဝသူများဖြစ်သည့်အားလျော်စွာ မိမိတို့တတ်ငွမ်းသရွေ့အိတ်သွန်ဖာမှောက် သင်ကြားပြသလမ်းညွှန် မှုပေးသည်မှာ အားရဖွယ်ပေတည်း။ ထို့အတူ သင်ယူခံသူများသည်လည်း မျက်စိ၊ နားအစွမ်းကုန်ဖွင့်ဟ ဂရုတစိုက်သင်ယူဆည်းပူးနေသည်မှာ နေ့တာမည်သို့ကုန်သွားမှန်း ဂရုပြုမိကြမည်မဟုတ်ပါ။ ညအချိန်တွင် နေ့၌ သင်အံသမျှ ပြန်လည်ဖတ်ရှု လေ့လာရင်း မနက်ဖြန်အသက်တာခရီးအတွက် ပြင်ဆင်နေကြသည်မှာ ဘုရားရှင်၏အလိုတော်ပင်ဖြစ်ပါတော့သည်။

ထိုသို့ဖြင့် စာပေ ပညာရပ်များသင်ကြားရသည့်နည်းတူ ဝိညာဉ်ခွန်အား ပြည့်ဝဖို့ရန် တနင်္လာမှ စနေထိ တစ်ရက်လျှင် (၄)ကြိမ် ပုံမှန် ဘုရားရှေ့ ဆည်းကပ်ဆုတောင်း၍ ခွန်အားဖြည့်ဆည်းခဲ့ရပါသည်။ တနင်္ဂနွေနေ့တွင်မူ ကျောင်းအုပ်ကြီး၏အစီအစဉ်ဖြင့် မိမိတာဝန်ကျဘုရားကျောင်းများသို့သွားရောက်ကာ လက်တွေ့အမှုဆောင်ခြင်းပြုလုပ်ခဲ့ကြရသည်။ ဤသည်မှာ လာမည့်အမှုဆောင်အသက်တာအတွက် အဖိုးမဖြတ်နိုင်သောသင်ယူမှုတစ်ခုပင်ဖြစ်ပါသည်၊ သန့်ရှင်းသော ကားတိုင် ကျောင်းသူ/သားများအတွက် အဖက်ဖက်မှဖြည့်ဆည်းပေးရာတွင် ကိုယ်ခန္ဓာကျန်းမာရေးလှုပ်ရှားမှုအတွက် နေ့ဝဉ်ညနေ (၃)နာရီမှ (၄း၃၀)အထိ ကစားချိန်သတ်မှတ်ပေးပါသည်။ မိမိတို့ကြိုက်နှစ်သက်ရာ၊ ဝါသနာပါရာအားကစားနည်း၌ ပါဝင်ကစားနိုင်ပါသည်။ စားသောက်ရေးအဆင်ပြေစေရန် စားဖိုမှူးမှတာဝန်ယူချက်ပြုတ်ကျွေးမွေးကာ လိုလေသေးမရှိစေရပါ။ သန့်ရှင်းလတ်ဆတ်သော အစားအစာများအားဖြင့် နေ့စဉ်သုံးဆောင်ရသည်မှာ အမှုဆောင်လောင်းတို့ပညာဆည်းပူးရာ၌ ပိုမိုခွန်အားတိုး ဖြည့်ဆည်းပေးနေပါသည်။

ဤသို့ကျောင်းတော်ကြီးမှ လိုအပ်သည်များဖြည့်ဆည်းပေးသည်သာမက အမှုဆောင်လောင်းများအတွက် ပိုမိုခွန်အားပြည့်၊ လိုလေသေးမရှိစေရန်အသင်းသူ၊အသင်းသားများမှ စေတနာသဒ္ဓါတရားသက်

သန်စွာဖြင့် အစားအသောက်များ(အသားငါးများ)၊အဝတ်များအပြင်၊ လိုအပ်လျှင်သုံးနိုင်ရန်ငွေကြေး ထောက်ပံ့လှူဒါန်းမှုများမှာ အဆက်ပြတ်ခြင်းမရှိသလောက်ပင်ဖြစ်သည်။ ဤသည်တို့မှာ ဘုရားရှင်ဖြည့်ဆည်းပေးသော ကောင်းကြီးမင်္ဂလာများဟုဆိုလျှင် မည်သူငြင်းနိုင်အံ့နည်း။ ထိုအတူကျောင်းသူကျောင်းသားများ၏အတွေးအခေါ်၊ စာပေအရေးအသား၊အရည်အသွေးကိုမဂ္ဂဇင်းစာစောင်များအားဖြင့်ဖော်ထုတ်ခဲ့သည်မှာ အလွန်တရာဝမ်းမြောက်ဘွယ်ကောင်းလှပါသည်။ ကျောင်းသူ/သားများမှာ အမှုဆောင်လောင်းများပီပီ 'အစေခံခြင်း၊ နာခံခြင်း၊ သန့်ရှင်းခြင်း' သဘောပို၍ပို၍ပြည့်ဝစေဖို့အလို့ငှာ အသင်းတော်အတွင်း၊သာသနာပိုင်နယ်အတွင်းပြုလုပ်သော အသင်းတော်ပွဲနေ့ သနာပိုင်နယ်ညီလာခံ၊ အစည်းများ၊ အသင်းတော်သာသနာပိုင်နယ်ညီလာခံ၊ အစည်းအဝေးစသည်တို့တွင် ကူညီဖြည့်ဆည်းမှုများပြုလုပ်ခဲ့ကြပါသည်။ ၄င်းအပြင် ဒီဇင်ဘာခရစ္စမတ်အခါသမယတွင် နှစ်စဉ်နှစ်တိုင်း ရန်ကုန်သာသနာပိုင်နယ်အတွင်းရှိနယ်အသီးသီးသို့ခရီးထွက်ရပါသည်။ ထိုသို့ခရီးထွက်ရာတွင် နယ်အသီးသီးရှိအသင်းတော်များနှင့်မိတ်သဟာယဖွဲ့ခြင်း၊ တရားဟောခြင်း၊ ဝတ်ပြုကိုးကွယ်မှု၌ကူညီခြင်း၊ ခရစ္စမတ်ပြဇာတ်များပြသခြင်းတို့အားဖြင့် 'ချစ်ခြင်း'တည်းဟူသောမေတ္တာသဘောကိုပြသခဲ့ကြပါသည်။ ဤခရီးအားဖြင့် အသင်းတော်အတွင်း 'တစ်လုံးတစ်ဝတည်း' သဘောကို ပိုမိုဖြစ်ထွန်းစေပါသည်။ တစ်ခါဘာဝ်ရဲ နွေရာသီကျောင်းပိတ်ရက်များ၌ လိုအပ်သောနေရာများသို့သီးခြားအဖွဲ့ငယ်များဖွဲ့ကာ စေလွှတ်ခြင်း၊ နွေရာသီစနေ်းသင်တန်းများ၌ပါဝင်ကူညီခြင်းများ ပြုလုပ်ခဲ့ကြရပါသည်။


အထက်ဖော်ပြပါ လှုပ်ရှားမှုများဖြင့် 'သန့်ရှင်းသောကားတိုင်'ဟူ ရှားမှုခြေလှမ်းများအားဖြင့် 'သန့်ရှင်းသောကားတိုင်'ဟူသည့် 'နာမ'နှင့်အညီ ခရစ်တော်၏အသင်းတော်အတွက် သိုးထိန်းကောင်းများ မွေးထုတ်ပေးလျက်ရှိပါသည်။ အမှုတော်ဆောင်လိုသူ အသင်းသူ၊သားများအားခေါ်ယူသေ့ကျင့်ပေးရာနေရာ၊ အမှုတော်အတွက်အားထုတ်ခွန်အားယူရာနေရာကြီးမှာ ကျွန်ုပ်တို့ 'သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်' ပင်ဖြစ်ပါသည်။ တမန်တော် ၁း၈ ဖော်ပြပါ 'မြေကြီးစွန်းတိုင်အောင်ငါ၏သက်သေများဖြစ်ကြလိမ့်မည်' ဟူသကဲ့သို့ 'သန့်ရှင်းသောကားတိုင်' နာမနှင့်အညီ ဖိမိတို့အသင်းတော်၊ နိုင်ငံတော်အတွက် ရွှေရောင်၊ စိန်ရတုမှသည် ရှေ့အသက်တာ ထာဝရ ရတုသို့ တက်ကြွလန်းဆန်းသောခြေလှမ်းများဖြင့် ပို၍ပို၍လှမ်းတက်လျှောက်လှမ်းနေမည်မှာ 'သန့်ရှင်းသူ'၏ ခြေလှမ်းများပင်ဖြစ်ပါတော့သတည်း။

လှိုင်း (ပထမနှစ်)

(သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ရွှေရတုမှတ်တမ်း၊ ၁၉၃၅-၁၉၈၅ ကို မှီငြမ်းရေးသားထားခြင်း ဖြစ်ပါသည်။)



# စာဟာန်မင်းကြီးနှင့်လက်အောက်အမှုထမ်းလေးယောက်



တစ်နေ့သောအခါတွင် အသင်းတော်တစ်ခုမှ အသင်းသားတစ်ယောက်သည် ၄င်းအသင်းတော်ရှိ ဘုန်းတော်ကြီးဆီသို့ သွားရောက်လည်ပါတ်ခဲ့သည်။ ထိုအသင်းသားက ဘုန်းတော်ကြီးကို သူအိပ်ချင်သောအဖြစ်ကိုရှင်းပြပြီး အဘယ့်ကြောင့်အိပ်ချင်ရကြောင်း ဘုန်းတော်ကြီးကိုမေးပါသည်။ ထိုသူက 'ကျွန်တော်ဟာကျမ်းစာဖတ်ရင် အခန်းတစ်ခန်းဆုံးအောင်မဖတ်နိုင်ဘူး၊ အရမ်းအိပ်ချင်တယ်။. . . . . ဘုရားကျောင်းသွားရင်လည်းဆုတောင်းခေါင်းငုံ့ပြီးအိပ်ပျော်သွားတယ်။. . . . ဘုန်းကြီးတရားဟောရင်လည်း နားထောင်ရင်း ဘာမှ အဓိပ္ပါယ်နားမလည်ဘဲ အိပ်ပျော်သွားတယ်. . . . ဘုန်းတော်ကြီးကပွဲတော်စီရင်တဲ့အချိန် ခေါင်းလောင်းထိုးတော့မှ အိပ်ပျော်နေရာကနိုးလာပြီး ပွဲတော်ကိုခံယူခဲ့တယ်. . . . . စကားပြောရင်တော့အိပ်ချင်တဲ့စိတ်ဆိုတာ ဘာမှမရှိဘူး။. . . ဟိုအကြောင်း၊ဒီအကြောင်းပေါ့ဆရာ' ဟူ၍ဘုန်းတော်ကြီးကိုပြောပြတယ်။

ထိုအခါ ဘုန်းတော်ကြီးက 'အဲ. . ဟုတ်တယ်ငါ့လူရယ်၊ မင်းအိပ်ချင်တာ ဘာ့ကြောင့်ဆိုတာ ငါရှင်းပြမယ်' ဟုဆို၍ ထိုသူအားအကြောင်းရင်းကိုပြောပြပါသည်။

'ဟိုးရှေးရှေးကတည်းက စာဘန်မင်းကြီးထံမှာ အမှုထမ်းနေတဲ့စာတန်လက်အောက်ငယ်သားများရှိတယ်တဲ့. . . တစ်နေ့သောအခါမှာ စာတန်မင်းကြီးဟာ သူ့ငယ်သားတွေကို လူသားများစာတန်ဘက်လိုက်လာအောင် ဘယ်လိုကြံဖန်ပြီး ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ တစ်ယောက်စီကိုခေါ်ပြီး အလုပ်ခိုင်းတယ်တဲ့. . . . စာတန်လေးယောက်ဟာမင်းကြီးစကားကိုနာခံပြီး လူတွေကိုသူတို့နောက်လိုက်ပါအောင်သွေးဆောင်ရန်အကြံတစ်မျိုးစီထုတ်ပြီးလောကသို့သွားကြတယ်. . . . ပထမစာတန်ရဲ့အကြံက လူတွေပင်လယ်ခရီးသွားတဲ့အခါမှာ သင်္ဘောကိုမှောက်အောင်လုပ်တယ်. . . . . ထိုအခါသင်္ဘောထဲရှိလူများဟာကိုယ်စီယုံကြည်တဲ့ဘုရားထံ ဆုတောင်းကြတယ်. . . . . ဒါကြောင့်လူတို့ဟာ ပထမစာတန်နောက်မလိုက်ကြဘူးတဲ့. . . . . ဒုတိယစာတန်က ကျမ်းစာအုပ်ကို မီးရှို့ဖျက်ဆီးတယ်. . . ဒါပေမယ့် ခရစ်တော်ကိုယုံကြည်သူက ဆုတောင်းခြင်းဖြင့် စာတန်နောက်မလိုက်ခဲ့ဘူးတဲ့. . . . . တတိယစာတန်ကတော့ တောမှာ

အသူးဆုတောင်းနေသောလူများကို လေပြင်း မုန်တိုင်းကျရောက်စေလျက် သစ်ပင်၊သစ်ကိုင်း ကျိုးကျပြီး သေအောင်လုပ်တယ်. . . . . ဒါ ပေမယ့် ဆုတောင်းခြင်းဖြင့် စာတန်နောက်မ လိုက်ခဲ့ကြဘူး. . . . . သူတို့အကြံဟာမအောင် မြင်ဘူးတဲ့. . . . . လူတွေဟာစာတန်တို့နောက် မလိုက်ဘဲ ဆုတောင်းယုံကြည်ခြင်းဖြင့်ကောင်း ကင်နိုင်ငံရောက်ကြတယ်. . . . . နောက်ဆုံး စတုတ္ထစာတန်က လူတွေကျမ်းစာဖတ်တဲ့အခါ၊ ဘုရားကျောင်းတက်၊ ဆုတောင်း၊ တရားဒေသ နာနားထောင်သောအခါတွင် အိပ်ချင်အောင် မျက်စိတွင်ကပ်ပါလျက် မျက်စိမဖွင့်နိုင်အောင် အိပ်ချင်အောင်လုပ်တယ်တဲ့. . . . . ထိုအခါလူ တွေက ဘုရား၏လမ်းကိုမသိ၊ ဆုတောင်းခြင်း အမှုမပြုသောကြောင့် ဘုရားနှင့်ဝေးကွာပြီးစာ တန်နောက်လိုက်များ ဖြစ်လာတယ်တဲ့. . . . စတုတ္ထစာတန်ရဲ့အကြံဟာ အောင်မြင်သွား တယ်. . . . . စာတန်ငယ်သားများဟာ သူတို့ လုပ်ဆောင်ရသောအကြံပြီးမြောက်သောအခါ တွင် စာတန်မင်းကြီးဆီပြန်လာကြတယ်. . . ရောက်တဲ့အခါမှာ စာတန်မင်းကြီးထံ သူတို့ တစ်ဦးစီ၏ လုပ်ဆောင်မှုများကိုတင်ပြကြ တယ်. . . . . စာတန်(၃)ယောက်၏လုပ်ဆောင် ချက်မအောင်မြင်ကြောင်းသိရတဲ့အခါမှာထို စာတန်(၃)ယောက်ကို အမှုတော်ထမ်းဆောင် ရန်အခွင့်မပေးတော့ဘဲ အလုပ်မှ ရပ်ဆိုင်း လိုက်တယ်. . . . . တနည်းအားဖြင့် အလုပ်မှ ထုတ်ပယ်လိုက်တယ်. . . . . စတုတ္ထစာတန် ရဲ့လုပ်ဆောင်ချက်ဟာ အောင်မြင်ကြောင်းသိ လာသောအခါ သူ့ကိုဆက်လက်အလုပ်ခိုင်း နေဆဲဘဲဖြစ်တယ်. . . . . သူ့ကိုတော့အလုပ်မှ မရပ်ဆိုင်းဘူးတဲ့. . . . . စာတန်မင်းကြီးရဲ့လုပ် ငန်းမှာ ဆက်လက်အမှုထမ်းဆဲပါ. . . . .


ထို့ကြောင့်လူများအိပ်ချင်သည့် အကြောင်း ရင်းမှာ စာတန်၏သွေးဆောင်ခြင်းဖြစ်ပါသည်။ ကျွန် တော်၊ ကျွန်မတို့ ခရစ်တော်ကိုယုံကြည်သူများ အိပ်ချင် သောအရာကို နိုင်အောင်လုပ်ရမည်ဖြစ်သည်။ 'အိပ် ချင်သည်' ဟုဆိုလျှင် စာတန်အလိုသို့လိုက်သွားခြင်း ပင်ဖြစ်သည်။ ဘုရားသခင်၏သားသမီးများသည် စာ တန်ကို တိုက်လှန်အောင်မြင်ရမည်ဖြစ်သည်။ ဤအ ဖြစ်အပျက်ကိုကြည့်ခြင်းအားဖြင့် အမှန်လမ်းသို့ရောက် အောင်ဟောကြားသောအချိန်၌ အိပ်ချင်သောစိတ် သည်စာတန်၏လုပ်ဆောင်မှုဖြစ်ကြောင်းသတိရလျက် မိမိကိုယ်ကို ဆင်ခြင်ရန်ဘုန်းတော်ကြီးကအသင်းသား တစ်ယောက်အားရှင်းပြပါသည်။ ထိုအခါအသင်း သားသည်အိပ်ချင်သောအရာမှာစာတန်၏လုပ်ဆောင် မှုဖြစ်ကြောင်းနားလည်လာပါသည်။ အသင်းသား၏ စိတ်ထဲတွင် 'စာတန်ကိုအရှုံးမပေး' ဟူသောစိတ်ဓါတ် ဝင်လာပါသည်။ ၎င်းသည်နောင်တွင် 'အိပ်ချင်သော စိတ်ကိုဦးစား မပေးတော့ပါ'ဟုဆိုပြီးဘုန်းတော်ကြီး အားကျေးဇူးတင် စကားပြောပြီးနောက်အိမ်သို့ပြန် သွားပါတော့သည်။

ခရစ်တော်၏ညီအစ်ကိုမောင်နှမများ
ဤအသင်းသားကဲ့သို့ဖြစ်နေပါက
ဤအဖြစ်ကိုဆင်ခြင်ပြီး စာတန်ကို
အောင်နိုင်ခွင့်မပေးသင့်ပါကြောင်း
အကြံကောင်းပေး လိုက်ပါရစေ၊

မိုင်အောင်မဖြူ
ဒုတိယနှစ်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



# ကြာအင်းရွာ ညခင်းသာ..ပျော်မှာပါ့လေး...



သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ဆရာဒါ ဝိဒ်ဦးဆောင်သော လေ့လာရေးအဖွဲ့သည် ပြည်မြို့ နယ်၊ ကြာအင်းရွာသို့ လေ့လာရေးခရီးစဉ်ကို ၁၉၉၇- ခုနှစ်၊ ဒီဇင်ဘာ(၂၀)ရက်တွင် စတင်ခဲ့သည်။ ထိုနေ့ည (၇)နာရီခွဲတွင် ကျောင်းသူ၊သားများသည် ဓမ္မတက္က သိုလ် မှဝိုင်နာကားဖြင့် စော်ဘွားကြီးကုန်း၊ အဝေးပြေး ဂိတ် သို့သွားကြသည်။ ကျောင်းသူ၊ကျောင်းသား စုစုပေါင်း(၁၇)ဦးပါဝင်ပြီး၊ ပထမနှစ်မှ ကျောင်းသူ၊သား (၈)ဦး၊ ဒုတိယနှစ်ကျောင်းသူ၊သား (၅)ဦး၊ တတိယနှစ် ကျောင်းသား (၄)ဦးအတူတကွသွားကြသည်။ ဆရာဦး စောဖိုးစိန်က ကျောင်းသူ၊သားများအား ကားဂိတ်အ ထိ လိုက်လံပို့ဆောင်ပေးသည်၊ ည ၈း၀၀နာရီတွင် **Air Con Bus** ဖြင့် ပြည်မြို့သို့စတင်ထွက်ခွာခဲ့ကြသည်။ ပြည်မြို့သို့ ၂၁-၁၂-၉၇ နံနက် ၁း၃၀ နာရီတွင်ရောက် ရှိသည်။ ပြည်မြို့အဝေးပြေးဂိတ်တွင် ခေတ္တနားကြပြီး နံနက် ၄ နာရီတွင် ပြည်ခင်း [illegible] ဘောင်းမြို့နယ်၊ ငါးဆယ်ပေးရွာသို့ [illegible] ဆက်လက်ခရီး ထွက်ကြသည်။ နံနက် ၅နာရီတွင် ငါးဆယ်ပေးရွာသို့ ရောက်ရှိပြီး ထိုရွာမှ ၄မိုင်ခန့်ဝေးသော ဒန့်ဒလွန်ရွာသို့ ခြေကျင်လျှောက်ကြသည်။ ဒန့်ဒလွန်ရွာသို့ရောက်လျှင် ဆရာဒါဝိဒ်၏အဒေါ်အိမ်၌ခေတ္တအပန်းဖြေကြသည်။ အိမ်သူအိမ်သားများက ကျောင်းသူ၊သားများအား၊ ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ကျောင်းသူ၊သားများက မိသားစုနှင့် ဆွေမျိုးများအ တွက်ဆုတောင်းပေးခဲ့ကြသည်၊ ထို့နောက် နံနက် ၉း၁၀နာရီတွင် ကြာအင်းရွာသို့ခြေလျင်ခရီးဆက်ကြ ရာ နံနက် ၁၀နာရီတွင် ကြာအင်းရွာသို့ရောက်သည်။ လမ်းခရီးတလျှောက်တောင်ကုန်းများကို ဖြတ်သန်းကြ ရသည်။ မိမိတို့အထုပ်အပိုးများကို လေးသည်ဟုမထင် ဘဲ ပတ်ဝန်းကျင်သဘာဝရှုခင်းများတွင်သာ အာရုံ ရောက်ကြသည်၊ ဇီးပင်များ၊ အလှည့်ကျပေါက်ပြီးဇီး သီးများမှည့်သောအချိန်ဖြစ်၍ ဇီးသီးစားရင်း အမော အပန်းဖြေကြသည်။

ကြာအင်းရွာသို့ရောက်သောအခါ ရှင်ပေါလု ဘုရားကျောင်းအနီးရှိ ဘုန်းတော်ကြီးမိုးဇက်လွန်း၏ အိမ်တွင် တည်းကြသည်။ ကျောင်းသားများရောက် သည်နှင့် ကြာအင်းရွာမှမိခင်များလာရောက်၍ မိဿ ဟာယဖွဲ့နှုတ်ဆက်ကြပါသည်။ ညဦးပိုင်းတွင် ရှင်ပေါ လုဘုရားကျောင်း၌ ကြာအင်းအသင်းတော်မှလူငယ် များနှင့် ဓမ္မတက္ကသိုလ်ကျောင်းသူသားများ ခင်မင်ရင်း နှီးစွာ မိဿဟာယဖွဲ့ကြသည်။ ၂၂-၁၂-၉၇ နံနက် ၇း၃၀တွင် နံနက်ဝတ်ကို ရှင်ပေါလုဘုရားကျောင်းတွင် ပြုလုပ်သည်။ ဝတ်ပြုခြင်းပြီးသည့်နောက် ဘုန်းတော် ကြီးမိုးဇက်လွန်း၏အိမ်တွင် အဆာပြေစားကြသည်။ ထို့နောက်ကြာအင်းရွာကို လှည့်လည်ကြည့်ရှုကြသည်။ ကျောင်းသားများသည် နေ့လယ်ပိုင်းမှညနေပိုင်းအထိ ပြဇာတ်လေ့ကျင့်ကြပြီး ညနေစာကို ဆရာမိုးဇက်လွန်း ၏အိမ်တွင်စားကြသည်။ ၂၃-၁၂-၉၇ နံနက် ၇နာရီ တွင် ဒန့်ဒလွန်ရွာသို့သွားရောက်၍ အသင်းတော်အိမ် ထောင်မိသားစုများနှင့် မိဿဟာယဖွဲ့ခြင်း၊ သက်သေ ခံဝေမျှခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများပြုလုပ်ကြသည်။ ညနေ ၆နာရီခွဲတွင် ဒန့်ဒလွန်ရွာမှ ကြာအင်းရွာသို့ ပြန်လာကြသည်။

၂၄-၁၂-၉၇ နံနက် ၇နာရီတွင် နံနက်ဝတ်ကို ဆရာစောလိုကာဦးဆောင်၍ ဆရာစစ်ကျော်က တရား ဒေသနာဝေမျှသည်။ ထို့နောက်ဘုန်းတော်ကြီးမိုးဇက် လွန်းက ပွဲတော်မင်္ဂလာစီရင်ပေးပြီး ကျောင်းသူသား များပွဲတော်ခံယူကြသည်။ ထိုနေ့နံနက်ပိုင်းတွင် ဇာတ် စင်ပြင်ဆင်ခြင်း၊ ဘုရားကျောင်းအတွင်း သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ပြဇာတ်သီချင်းလေ့ကျင့်ခြင်းများ ပြုလုပ် ကြပါသည်။ နေ့လည်ပိုင်းမှညနေပိုင်းအထိ အားက စားပြိုင်ပွဲများကို လူငယ်ဥက္ကဋ္ဌကိုအောင်ဝင်းက ဦးစီး ၍ပြုလုပ်ကြသည်။ ထိုနေ့ညနေတွင် အသင်းတော်အိမ် တစ်အိမ်၌ညနေစာ စားသုံးကြသည်။ ထို့နောက် ညဝတ်ကို ရှင်ပေါလုဘုရားကျောင်းတွင် ပြုလုပ်သည်။ ညဝတ်ပြီးသည့်နောက်တွင် ကြာအင်းအသင်းတော်မှ လူငယ်များနှင့်သန့်ရှင်းသောဓမ္မတက္ကသိုလ်မှ ကျောင်း သူသားများသည် ခရစ္စမတ်ဂုဏ်ပြုတေးသီချင်းများသီ ဆိုခြင်း၊ တိုင်းရင်းသားအက ကခုန်ခြင်းများပြုလုပ် ကြသည်။ ထို့နောက်မွေးနေ့တော်ကို ဂုဏ်ပြုသောမွေး ပြဇာတ်နှစ်ခုကို ဓမ္မတက္ကသိုလ်ကျောင်းသူသားများက သရုပ်ဖော်ပြင်စွာတင်ဆက်ကြသည်။ ပရိသတ်များ၏ နှစ်သက်အားပေးမှုကို ခံရပြီး ဘုရားသခင်၏ဘုန်း တော်ကို ထင်ရှားစေခဲ့ပါသည်။ ည ၁၂း၀၀နာရီတွင် သန်းခေါင်ဝတ်ကို ဘုန်းတော်ကြီး မိုးဇက်လွန်းကဦး ဆောင်ပြီးပြုလုပ်သည်။ တရားဒေသနာဟောကြားပြီး နောက် ပရိတ်သတ်များသည် ပွဲတော်မင်္ဂလာကို အတူ တကွခံယူကြသည်။ ထိုနေ့ညတွင် ရာသီဥတုအေးချမ်း မှုကို ပရိတ်သတ်များခံစားကြရပြီး ခရစ်တော်မွေးဖွား ခြင်းအတွက် သာယာချိုမြိန်သော မွေးတေးသီချင်းများ ကို သီဆိုကာ ဂုဏ်ပြုခဲ့ကြသည်။

၂၅-၁၂-၉၇ ခရစ္စမတ်နေ့နံနက်ဝတ်ပြုခြင်းကို နံနက် ၈း၀၀နာရီတွင် ဘုန်းတော်ကြီးမိုးဇက်လွန်းက ဦးဆောင်၍ပြုလုပ်သည်။ ဆရာ အိုက်နန်းလုံးက ပွဲ တော်မင်္ဂလာအကူအဖြစ် ဆောင်ရွက်သည်။ ပရိတ် သတ်များ ဘုရားကျောင်းအပြည့် လာရောက်ဝတ်ပြု ကြသည်။ ဆရာကျော်ထိန်လင်းက မွေးဟောင်းကိုဖတ် ပြီး ဆရာစစ်ကျော်က မွေးသစ်ကျမ်းကိုဖတ်သည်။ ဘုန်းတော်ကြီးမိုးဇက်လွန်းက တရားဒေသနာဟော ကြားသည်။ ပရိတ်သတ်များသည် ဓမ္မတက္ကသိုလ်မှ



ကျောင်းသားများနှင့် ရင်းနှီးဖော်ရွေစွာမိတ်ဖွဲ့ကြသည်။ ထို့နောက်နံနက်စာကို ဘုန်းတော်ကြီး မိုးဇက်လွန်း၏ အိမ်တွင် အတူတကွ စားကြသည်။ ထိုနေ့မွန်းလွဲပိုင်း တွင်ဘုန်းတော်ကြီးမိုးဇက်လွန်း၏ဦးမင်းအိမ်သို့သွား ရောက်၍ ဆုတောင်းဝတ်ပြုခြင်းနှင့် အိမ်သားများအ တွက် ပွဲတော်မင်္ဂလာဝတ်ပြုလုပ်သည်။ ထို့နောက်အ ခြားအိမ်တစ်အိမ်သို့သွား၍ ပွဲတော်မင်္ဂလာပေးခြင်းနှင့် ကျန်းမာသူတို့အတွက် ဆုတောင်းခြင်းဝတ်ကို ပြုလုပ် ကြသည်။ ဓမ္မတက္ကသိုလ်ကျောင်းသားများသည် ညနေ ၄းပ၁နာရီတွင်ရေချိုးကြပြီး ညနေစာကို ဘုန်းတော်ကြီး မိုးဇက်လွန်း၏အိမ်တွင်စားသုံးကြသည်။ ညနေ ၆း၃၅ တွင် ညဝတ်ကိုရှင်ပေါလုဘုရားရှိခိုးကျောင်းတွင် စတင်ပြုလုပ်သည်။ ဆရာခရစ္စတိုဖာသိန်းထိုက်က ဝတ်ပြုခြင်းကို ဦးဆောင်သည်။ မွေးဟောင်းကျမ်းကိုဆ ရာဘဲန်စင်ကဖတ်ကြားပြီး မွေးသစ်ကျမ်းကို ဆရာမ နော်ဝါးဖေးကဖတ်ကြားသည်။ ထို့နောက်ဆရာမ အောင်မဖြူက သက်သေခံဝေငှသည်။ ဆရာဒါဝိဒ်က ခလေးများအတွက် ဘုရားသခင်ထံကောင်းချီးမင်္ဂလာ တောင်းခံသည်။ ညနေ ၇း၁၅တွင် ဝတ်ပြုခြင်းအစီအ စဉ်ပြီးဆုံးသောအခါ ဓမ္မတက္ကသိုလ်ကျောင်းသားများ နှင့် ပရိသတ်များ နှုတ်ဆက်ကြသည်။ ထိုနေ့ည တွင်အအေးဓါတ်ပိုကဲလာသဖြင့် ကျောင်းသားများမီး လှုံရင်း ကျမ်းစာအပြန်အလှန်ဆွေးနွေးကြသည်။ ည အိပ်ယာဝင်သည့်တိုင် စကားစမသတ်နိုင်ကြပါ။ ခရီး စဉ်တွင် တွေ့ကြုံရသောအရာများ၊ တစ်နေ့တာလုပ် ဆောင်ခဲ့သောအရာများကို နောက်ကြောင်းပြန်ကြ သည်။ ကျောင်းသားများသည် တစ်ဦးနှင့်တစ်ဦး ပူးပြီး အိပ်ကြသဖြင့် အနွေးဓါတ်ရရှိပြီး ဆောင်းရာသီအ အေးဒါဏ်မှ သက်သာရာရရှိကြသည်။

၂၆-၁၂-၉၇ တွင် နံနက်ဝတ်မရှိပါ။ ကျောင်း သားများသည် ပြဇာတ်စင်မှ နံ့လန့်ကာသိမ်းခြင်း၊ နောက်ခံခန်းစည်းများပြန်သိမ်းခြင်းတို့ကို ပြုလုပ်ကြ သည်။ နံနက်စာကို ဘုန်းတော်ကြီး မိုးဇက်လွန်း၏အိမ် တွင်စားသုံးကြသည်။ မန်ကျည်းသီးထောင်းနှင့် ငရုပ် သီးထောင်းငါးပိချက်၊ ခရမ်းချဉ်သီးငပိချက်တို့မှာအ လွန်ကောင်းသဖြင့် ကျောင်းသားများခံတွင်းတွေ့ကြ သည်။ ထမင်းစားပြီးနောက် ရေနွေးကြမ်းနှင့် ကြံသ ကာတည်ခင်းရာ ကျောင်းသားများစားသောက်ရင်း စကားဝိုင်းဖွဲ့ကြသည်။ နေ့လည်ပိုင်းတွင် အနားယူကြ ပြီး ညနေ၅နာရီတွင် ရေချိုးကြသည်။ ကြာအင်းရွာ တွင်ရေကန်ကြီးတစ်ခုရှိသော်လည်း ဆောင်းကာလ၌ ရေမကောင်းသဖြင့် ရွာနှင့် အတန်ငယ်ဝေးသောရေ တွင်းများတွင်ရေချိုးကြရသည်။ ထိုရေတွင်းများမှရေကို ရေစည်တွင်ဖြည့်၍ နွားလှည်းဖြင့် ရွာသို့သယ်ကြရ သည်။ အချို့ကျောင်းသားများသည် ရွာနှင့်အတော် လှမ်းသည့်ချောင်းငယ်တစ်ခုတွင် ရေချိုးကြသည်။ ရွာ ပတ်ဝန်းကျင်တွင် ရိတ်သိမ်းပြီးသောလယ်ကွက်များကို တွေ့ရသည်။ နေရာအနှံ့အပြားတွင် စပါးနယ်တလင်း

များကိုတွေ့ရပြီး ရွာသားများစပါးနယ်လေ့ကြသည်ကိုလည်းတွေ့ရသည်။ ကြာအင်းရွာသည် မိုးတွင်းအခါတွင် သွားလာရေးခက်ခဲသည်ကိုဒတွေ့ရပါသည်။ ဆောင်းတွင်းအခါ၌မြေကြီးခြောက်သွေ့သဖြင့် သွားလာရာတွင် အဆင်ပြေပါသည်။ ဇီးပင်များပေါများပြီး ဇီးသီးမှည့်ချိန်ဖြစ်သဖြင့် ကျောင်းသားများသည် ရေချိုးသွားသည့်လမ်းတလျှောက်တွင် ဇီးသီးမှည့်များကိုကောက်၍စားကြသည်။ ရေချိုးကြပြီးနောက် ညနေ ၅းနာရီတွင် အသင်းတော်အိမ်ထောင်တင်ခုက ဖိတ်ကြားသဖြင့် ထိုအိမ်ထောင်သို့သွားရောက်၍ ညနေစာ စားသုံးကြသည်။ အိမ်သူအိမ်သားများသည် ဓမ္မတက္ကသိုလ်ကျောင်းသားများအား စေတနာထက်သန်စွာဖြင့် ညှို့ခံကျွေးမွေးကြသည်။ ကျောင်းသားများနှင့် ရင်းနှီးစွာ မိတ်ဖွဲ့ကြသည်။ ထို့နောက်ဘုန်းတော်ကြီးမိုးဇက်လွန်း၏အိမ်တွင် ဓမ္မတက္ကသိုလ်ကျောင်းသားများနှင့် ရှင်ပေါလုအသင်းတော်မှ လူငယ်များ မိဿဟာယဖွဲ့ကြသည်၊ ည၈း၂၅တွင် ဘုန်းတော်ကြီးမိုးဇက်လွန်းကဦးဆောင်ပြီး **Night Devotion** ပြုလုပ်သည်။ လုကာ ၉း၅၇ကိုဖတ်ကြားပြီး၊ တိုက်တွန်းခွန်အားပေးသည်။ ထို့နောက်ဆရာဒါဝိဒ်၏ဆုတောင်းခြင်းဖြင့် အစီအစဉ်အဆုံးသတ်သည်။ တိုနေ့ညတွင် ကြာအင်းရှင်ပေါလုအသင်းတော်မှလူငယ်များနှင့် ဓမ္မတက္ကသိုလ်မှ ကျောင်းသားများသည် ဓမ္မတေးကိုအတူတကွ တီးခတ်သီဆိုကြသည်။

၂၇-၁၂-၉၇ တွင်ကြာအင်းရွာရှိခရစ်ယာန်အိမ်ထောင်များသို့လှည့်လည်၍ မိဿဟာယဖွဲ့ဝတ်ပြုခြင်း၊ သက်သေခံဝေငှခြင်းများကို ပြုလုပ်ကြသည်။ ဆရာဒါဝိဒ်က ဓမ္မတက္ကသိုလ်ကျောင်းသားများနှင့်မိတ်ဆက်ပေးပြီး မိသားစုတို့၏လိုအပ်ရာများကို ဘုရားသခင်ထံ၌အတူတကွဆုတောင်းခြင်းဖြင့် နှစ်သစ်ကိုကြိုဆိုကြသည်။ ကျောင်းသားများသည် နံနက်ပိုင်းမှညနေပိုင်းအထိ တစ်အိမ်တက်ဆင်း ဝတ်ပြုဆုတောင်းကြသည်။ မိသားစုဝင်များသည် အထူးပင် ညှို့ဝတ်ပြုကြသည်ကိုတွေ့ရပါသည်။ ညနေ၅ နာရီတွင် အလျှုရှင်တစ်ဦး၏အိမ်၌ ညနေစာစားကြသည်၊ ည ၇နာရီတွင် ဓမ္မတက္ကသိုလ်ကျောင်းသားများနှင့် ကြာအင်းရွာလူငယ်များသည် နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဂုဏ်တော်ချီးမွမ်းသီချင်းများသီဆိုခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများကို ကျေးရွာအတွင်းပြုလုပ်ကြသည်။ ည၁၁နာရီခွဲအထိ ပျော်ရွှင်ဝမ်းမြောက်စွာတေးသီကျူးခဲ့ကြသည်။ ဘုရားသခင်၏ငြိမ်သက်ခြင်းသည် လူအားလုံးတို့၏စိတ်နှလုံးအတွင်း၌ ကိန်းအောင်းလျက်ရှိပြီးဘုရားသခင်အားမျက်မှောက်ပြု၍ အသက်ရှင်နေထိုင်ရန်နှင့် ဘုရားသခင်၏အမှုတော်ကို အားအင်အသစ်ဖြင့် လုပ်ဆောင်ရန်စိတ်အားထက်သန်ကြပေသည်။

၂၈-၁၂-၉၇ တနင်္ဂနွေနေ့
နံနက် ၈နာရီတွင်

အပြစ်စင်ကြယ်သောသူငယ်များပွဲနေ့ကို ရှင်ပေါလုဘုရားရှိခိုးကျောင်း၌ပြုလုပ်ကြသည်။ ဆရာဒါဝိဒ်က အပြစ်စင်ကြယ်သောပွဲနေ့အတွက် တရားဒေသနာဝေမျှသည်။ ပရိတ်သတ်အတော်များများလာရောက်ဝတ်ပြုကြသည်ကိုတွေ့ရပါသည်။ နံနက် ၉း၃၀တွင် ဆရာ



ဒါဝိဒ်ကဦးဆောင်၍ ခရစ်ယာန်အိမ်ထောင်များသို့ သွားရောက်ပြီး ဝတ်ပြုဆုတောင်းခြင်းနှင့် မိဿဟာယဖွဲ့ခြင်းကို ပြုလုပ်ကြသည်။ ဓမ္မတက္ကသိုလ်ကျောင်းသားများသည် အလှည့်ကျဦးဆောင်၍ သက်သေခံခြင်း၊ တရားဒေသနာဝေမျှခြင်းများကို ပြုလုပ်ကြသည်။ မွန်းလွဲ ၁နာရီတွင် ဘုန်းတော်ကြီးမိုးဇက်လွန်းကဦးဆောင်ပြီး ကြာအင်းရွာမှ တစ်မိုင်ခွဲခန့်ဝေးသည့် ညောင်ဖြူရွာသို့သွားရောက်ကြသည်။ တောင်းကုန်းများကိုကျော်၍သွားကြရသည်ဖြစ်၍ မောပန်းနွမ်းနယ်ကြသည်။ လမ်းတစ်လျှောက်ဇီးသီးမှည့်များကောက်၍ အမောပြေစားကြသည်။ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ညောင်ဖြူရွာသို့ရောက်ရှိပြီး ဦးမောင်ခွေး၏အိမ်တွင် ခေတ္တအနားယူကြသည်၊ မွန်းလွဲ ၂နာရီခွဲတွင် ဘုန်းတော်ကြီးမိုးဇက်လွန်းက ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်ပြုလုပ်ပြီး ဆရာဘဲန်စင်က တရားဒေသနာဝေငှသည်၊ ထို့နောက်မိသားစုဝင်များအတွက် ပွဲတော်မင်္ဂလာဝတ်ကိုပြုလုပ်သည်။ ဝတ်ပြုခြင်းပြီးဆုံးသည်နှင့် ဓမ္မတက္ကသိုလ်ကျောင်းသားများသည် ကြာအင်းရွာသို့ပြန်လာကြသည်၊ ရွာသို့ရောက်သည်နှင့် ရေချိုးပြီး အနားယူကြသည်။ ညနေ ၅နာရီခွဲတွင် ဦးမောင်သင်ရွှေ၏နေအိမ်၌ ညနေစာစားသုံးကြသည်။ ည၇နာရီတွင် ဓမ္မတက္ကသိုလ်ကျောင်းသားများနှင့် ကြာအင်းရွာမှလူငယ်များသည် **Happy New Year** သီချင်းများသီဆိုခြင်းနှင့် ဆုတောင်းပဌနာပြုခြင်းကိုစတင်ခဲ့ကြသည်။ ညချမ်းအချိန်တွင် နှစ်သစ်ကိုကြိုဆိုသော တေးသီချင်းသံများသည် ကျေးရွာဝန်းကျင်တွင် ပျံ့လွင့်နေပါသည်၊ ညဥ့်နက်လာသည်နှင့် အမျှ အအေးဓါတ်ပိုကဲလာရာ မီးပုံဘေးတွင် ဝိုင်းဖွဲ့၍ မီးလှုံကြသည်။ တိုနေ့ညတွင် တေးသီချင်းသံများသည် ညသန်းခေါင်ယံအချိန်တိုင်အောင်ပင် ပျံ့လွင့်နေခဲ့ပေသည်။

၂၉-၁၂-၉၇နံနက်ပိုင်းတွင် ဓမ္မတက္ကသိုလ်ကျောင်းသားများသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေအိမ်များသို့လှည့်လည်ကာ ဆုတောင်းဝတ်ပြုခြင်းနှင့် သက်သေခံဝေမျှခြင်းတို့ကိုပြုလုပ်ကြသည်။ ထိုနောက် ကိုကြည်ခိုင်၏အိမ်တွင် နံနက်စာစားကြပြီး ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ကိုပြုလုပ်ကြသည်၊ ဝတ်ပြုခြင်းကို ဆရာဒါဝိဒ်ကဦးဆောင်ပြီး ဆရာရှိုးရှိုက ခွန်အားပေးသည်။ ညနေ ၄း၂၀တွင် ဘုန်းတော်ကြီး မိုးဇက်လွန်းကဦးဆောင်၍ကြာအင်းရွာမှဇန့်ဒလွန်ရွာသို့ လှည်းဖြင့်သွားကြသည်။ တောင်ကုန်းများကို ကျော်၍ သွားကြရသဖြင့်နွားများအတော်ပင်ပန်းလှပေသည်။ သို့တော်ထိုဒေသမှနွားများသည် ဤခရီးလမ်းများကို ကျင့်သားရပြီးဖြစ်သည်။ညအမှောင်တွင်လည်း ချောမောပြေပြစ်စွာ သွားလာနိုင်သည်ကိုတွေ့ရပေသည်။ ညနေ ၆း၀၀တွင် ဇန့်ဒလွန်ရွာသို့ရောက်ရှိပြီး ဆရာဒါဝိဒ်၏အဒေါ်အိမ်တွင်အနားယူကြသည်။ ညနေစာကို ထိုအိမ်၌ စားသုံးကြပြီး ညနေ ၆နာရီတွင် ဓမ္မတက္ကသိုလ်ကျောင်းသားများနှင့် ဇန့်ဒလွန်ရွာမှ လူငယ်များသည် ကျေးရွာအတွင်းလှည့်လည်၍ နှစ်သစ်ရောက်လာနှုတ်ခွန်းဆက် ဂုဏ်တော်ချီးမွမ်းသီချင်းများသီဆိုခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများပြုလုပ်ကြသည်။ ထိုနေ့ညသန်းခေါင်ယံအချိန်တိုင်အောင်ပင် သီချင်းသံများ ဖုံးလွှမ်းနေခဲ့သည်၊ တေးသီချင်းများသီဆိုရသည့်အတွက်အလွန်ပျော်ရွှင် ချမ်းမြေ့မိကြပေသည်။

၃၀-၁၂-၉၇ နံနက် ၁း၀၀နာရီတွင် ကြာအင်းရွာသို့လှည်းဖြင့်ပြန်လာကြရာ နံနက် ၁း၅၀တွင် ကြာအင်းရွာသို့ရောက်ရှိကြသည်။ ရွာသို့ရောက်သည်နှင့် ဓမ္မတက္ကသိုလ်ကျောင်းသားများသည် ကောင်းစွာ အိပ်စက်အနားယူကြပေသည်။

ဓမ္မတက္ကသိုလ်ကျောင်းသားများသည် အိပ်ရေးပျက်သည့်ဒါဏ်နှင့် ခရီးပန်းသည့်ဒဏ်ကို အတော်ပင်ခံနိုင်ရည်ရှိသည်ကိုတွေ့ရပါသည်၊ ဘုရားသခင်၏ကူညီမစခြင်းဖြင့် လမ်းခရီးတလျှောက်အဆင်ပြေချောမောစွာသွားရောက်နိုင်ပြီး ဘုရားသခင်အတွက် ကောင်းစွာ အစေခံနိုင်ကြပေသည်။ အထူးသဖြင့် ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်သဖြင့် ဘုရားသခင်၏

ကျေးဇူးတော်ကို ချီးမွမ်းမိပါသည်။ ကျောင်းသူ၊သားများသည် ရွာသူ၊သားများနှင့် အထူးရင်းနှီးကျွမ်းဝင်နေကြပြီဖြစ်၍ မိမိတို့လိုအပ်သည့်အရာများကို အားမနာတမ်းတောင်းကြပေသည်။ ရွာသူရွာသားများကလည်း အစွမ်းကုန်ဖြည့်ဆည်းပေးကြပေသည်၊ ၃၀-၁၂-၉၇ နေ့လည်ပိုင်း၌ ကျောင်းသားများအား ဆံပင်ညှပ်ပေးကြသည်။ ကျေးလက်တောရွာတွင် ဆံသရာဌ်ပစ္စည်းကိရိယာမပြည့်စုံသော်လည်း ခေတ်မီဆန်းပြားသောဆံပင်ပုံစံများကိုညှပ်ပေးသည့်အတွက် အထူးကျေးဇူးတင်မိပါသည်။ ဆံသလိုက်သောအခါတွင် ကျောင်းသားများ၏ ပုန်းကွယ်နေသောအလှများထင်ပေါ်လာပြီး ဝင်းဝါစိုပြေသော၊ သစ်လွင်လန်းဆန်းသော အသွင်ကိုထင်ထင်ရှားရှား မြင်တွေ့ရပြီဖြစ်သည်။

၃၁-၁၂-၉၇ နံနက် ၆း၃၀တွင် ဓမ္မတက္ကသိုလ်ကျောင်းသားများသည် အလှူရှင်တစ်ဦး၏ ဖိတ်ကြားချက်အရနေအိမ်သို့သွားရောက်၍ ကောက်ညှင်းပေါင်းကိုတူတကွစားကြသည်။ ဘုန်းတောကြီးမိုးဇက်လွန်းက တရားဒေသနာဟောကြားပြီး ဆရာမဧနော်လုမာက ထိုအိမ်သောင်အတွက် အထူးဆုတောင်းပေးသည်။ နံနက် ၉နာရီတွင် အထူးအစီအစဉ်ဘင်ရပ်အနေဖြင့် ကြာအင်းကျေးရွာအနောက်ဘက်တောတန်း၌ ဇီးသီးကောက်ခြင်းနှင့် ကျမ်းစာဆွေးနွေးခြင်းများကိုပြုလုပ်ကြရာ ဘုန်းတော်ကြီးဦးမိုးဇက်လွန်းက ဦးစီးဦးဆောင်ပြုခဲ့ပေသည်။ နေ့လည် ၁၁နာရီခွဲတွင် ဦးစု၊ ဦးဖိုးကာ၊ မိုင်ခင်ခင်ထွေးတို့အိမ်တွင် နံနက်စာစားကြသည်။ ထို့နောက်ဆရာမ အောင်မဖြူက အာဗြဟံနှင့် သားကျွန်ဇက်အကြောင်း အနည်းငယ်ခွန်အားပေးပြီး ဆရာရှိုးရှိုကမိသားစုအတွက် အထူးဆုတောင်းပေးသည်။ နေ့လည်ပိုင်းတွင်ကျောင်းသားများအနားယူကြသည်။ ညနေ၅း၃၀ တွင် ကိုမိုးဝင်း၏အိမ်တွင် ညနေစာစားကြသည်။ ထိုနေ့ည ၇း၃၀မှ ၁၁း၃၀အထိ ရှင်ပေါလုဘုရားကျောင်းဝေးတွင် **Video** ပြသရာလူအတော်များများ လာရောက်ကြည့်ရှုအားပေးကြသည်။ ညဥ့်နက်ရှိတွင် ၁၉၉၈-ခုနှစ်၊ နှစ်သစ်ကိုကြိုဆိုသောဝတ်ပြုခြင်းအစီအစဉ်ကို ရှင်ပေါလုဘုရားကျောင်းတွင် ဘုန်းတော်ကြီးမိုးဇက်လွန်းက ဦးဆောင်၍ပြုလုပ်သည်။ ဆရာကျော်ထိန်လင်းက နှစ်သစ်အတွက် တရားဒေသနာဟောကြားခဲ့သည်။ ထို့နောက်ပွဲတော်မင်္ဂလာကိုဆက်လက်ပြုလုပ်ရာ ပရိတ်သတ်များပွဲတော်မင်္ဂလာခံယူကြသည်။ ဝတ်ပြုခြင်းပြီးဆုံးသောအခါ **Happy New Year** သီချင်းကို အတူတကွသီဆိုကြပြီး ပရိတ်သတ်များနှင့် ဓမ္မတက္ကသိုလ်ကျောင်းသူ၊သားများနှုတ်ဆက်ကြသည်။

၁-၁-၉၈ နံနက်ပိုင်းတွင် ဓမ္မတက္ကသိုလ်ကျောင်းသားများသည် ကြာအင်းရွာရှင်ပေါလုအသင်းတော်အကြောင်းမှတ်တမ်းတင်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များတိုးချဲ့အကောင်အထည်ဖော်ရန် အကြံပြုတင်ပြခြင်းများပြုလုပ်ကြသည်။ ညနေ ၃း၂၀တွင် ဘုန်းတော်ကြီးမိုးဇက်လွန်းကဦးစီး၍ သိတနိဝတ်ကို ရွာလမ်းတလျှောက်ပြုလုပ်ရာ ဓမ္မတက္ကသိုလ်ကျောင်းသူ၊သားများနှင့် ကြာအင်းရွာမှ လူကြီးလူငယ်များသည် ဆာလံကျမ်းပိုဒ်များရွတ်ဖတ်ခြင်း၊ ဓမ္မသီချင်းများသီဆိုခြင်းဖြင့် နှစ်သစ်ခြေလှမ်းများအစပျိုးခဲ့ကြသည်၊ လက်ဝါးကပ်တိုင်၏ဦးဆောင်မှုဖြင့် ခြေလှမ်းသစ်များကို ဖန်တီးခဲ့ကြသည်။ ညနေ ၆နာရီတွင် ဓမ္မတက္ကသိုလ်ကျောင်းသူ၊သားများသည် ဦးပီနီ၊ ဒေါ်ဝေဝေတို့၏အိမ်တွင် ညနေစာစားကြသည်။ ထိုအိမ်၌ အိမ်သစ်တက်မင်္ဂလာဝတ်ကိုဆက်လက်ပြုလုပ်ရာ ဆရာသန့်ဇင်ဘုန်းက တရားဒေသနာဝေမျှပြီး ဆရာစစ်ကျော်က အထူးဆုတောင်းပေးသည်။ ညနေ ၇း၀၀နာရီတွင် ကလေးငယ်တစ်ဦး၏ (၂)နှစ်ပြည့်မွေးနေ့ကို နေအိမ်တစ်ခု၌ပြုလုပ်ရာ ဘုန်းတော်ကြီးမိုးဇက်လွန်းက ဝတ်ပြုခြင်းအစီအစဉ်ကိုဦးဆောင်၍ ဆရာလုကာ ဝဏ္ဏစိုးကခွန်အားပေးသည်။ ကြက်သားဆန်ပြုတ်ဖြင့်ဧည့်ခံရာ ဆရာသန့်ဇင်ဘုန်းကကျေးဇူးတော်ချီးမွမ်း၍ အတူတကွစားသုံးကြသည်၊ ထိုနေ့ညတွင် ကျမ်းစာကျောင်းသားများနှင့် ရွာသူရွာသားများလာရောက်ကြည့်ရှုအားပေးကြသည်။ ည၉း၃၀တွင် ဦးကျော်ငြိမ်း၊ ဒေါ်ရှီလာတို့၏အိမ်၌ ပွဲတော်မင်္ဂလာဝတ်ကို ပြုလုပ်ခဲ့သည်။ ဓမ္မတက္ကသိုလ်ကျောင်းသားများသည် ထိုအိမ်၌ တစ်ညတာအိပ်စက်ခဲ့ကြသည်။




## ကြာအင်းရွာ လမင်းသာ ဖော်ပါမှနွေး၊ ပျော်ပါရဲ့ ရွာ နံဘေးမှာ ချောင်းရေကအေး

ကြာအင်းရွာမှ ရွာသူရွာသားများ နောက်ဆုံးနှုတ်ဆက်ပွဲအစီအစဉ်ကို ရှင်ပေါလုဘုရားရှိခိုးကျောင်းတွင် ပြုလုပ်ခဲ့ကြသည်။ ကြာအင်းရွာမှ ခွဲခွါရတော့မည်ဖြစ်၍ စိတ်လှုပ်ရှားဝမ်းနည်းမှုများ တလှပ်လှပ်ခံစားကြရသည်။ ရွာသူရွာသားများလည်းထိုနည်းအတူပင် ခံစားကြရသည်။ အချိန်နာရီသည် တရွေ့ရွေ့ကုန်ဆုံးခဲ့ပေပြီ။ မတတ်သာ၍ခွဲခွါရမည်ဖြစ်သော်လည်း ခင်မင်ရင်းနှီးမှုအပိုင်းအစများသည် သွားလေရာရာနောက်သို့ဆက်လက်လိုက်ပါနေမည်မှာ အမှန်ဖြစ်ပေသည်။

၂-၁-၉၈ နံနက် ၅နာရီတွင် ဓမ္မတက္ကသိုလ်ကျောင်းသူ၊သားများသည် ဆရာဒါဝိဒ်၏အိမ်၌ ကောက်ညှင်းပေါင်းစားကြပြီး နံနက် ၅း၄၀တွင် ကြာအင်းရွာမှ ဒန့်ဒလွန်ရွာသို့ လှည်းဖြင့် သွားကြသည်၊ ထိုမှတဆင့် ငါးဆယ်ပေးရွာသို့ ဆက်လက်သွားကြသည်။ တစ်ဖန်တောင်ဖို့ကွင်းရွာသို့သွားရာ နံနက် ၈း၄၅တွင်ရောက်ရှိကြသည်။ ဦးကျော်ငြိမ်း၊ ဒေါ်ရှီလာတို့၏အိမ်တွင်တည်းကြပြီး ကျေးရွာအတွင်း လည်ပတ်ကြည့်ရှုကြသည်။ နံနက်စာကို ဦးစံငြိမ်း၊ ဒေါ်မလေးတို့၏အိမ်တွင် စားသုံးကြသည်။ မွန်းလွဲ ၁နာရီတွင် ဦးကျော်ငြိမ်း၊ ဒေါ်ရှီလာတို့၏အိမ်တွင် ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ပြုလုပ်ရာ ဆရာဘဲန်စင်က တရားဒေသနာဝေမျှပြီး၊ ဆရာကျော်ထိန်လင်းက အထူးဆုတောင်းပေးသည်။ ထို့နောက် ဘုန်းတော်ကြီးမိုးဇက်လွန်းက ဦးဆောင်ပြီး တောင်ဖို့ကွင်းရွာရှိ အသင်းတော်မိသားစုများထံသွားရောက်၍ ဆုတောင်းဝတ်ပြုခြင်းနှင့် တရားဒေသနာဝေမျှခြင်းတို့ကို ပြုလုပ်သည်။ ညနေစာကို ဦးစံငြိမ်း၊ ဒေါ်မလေးတို့၏အိမ်တွင် စားကြသည်။ ထို့နောက်ညနေ ၇း၀၀နာရီတွင် **Jesus Christ** သက်တော်စဉ်ဗီဒီယိုပြသရာ ရွာသူ၊ရွာသားများလာရောက်ကြည့်ရှုအားပေးကြသည်။

၃-၁-၉၈ နံနက် ၆နာရီတွင် နံနက်စာအတူတကွစားသုံးကြပြီးနောက် တောင်ဖို့ကွင်းရွာမှ ပြည်သို့ ဟိုင်းလတ်ကားဖြင့် အပြန်ခရီးစခဲ့ကြသည်။ မထွက်ခွါမီဘုန်းတော်ကြီးမိုးဇက်လွန်းနှင့် လူငယ်နှစ်ဦးသည် ဓမ္မတက္ကသိုလ်ကျောင်းသူ၊ သားများအား နောက်ဆုံးနှုတ်ဆက်စကားပြောခဲ့သည်။ ကျောင်းသူ၊ သားများကလည်း အထူးကျေးဇူးတင်ကြောင်းပြောပြီး အသီးသီးလက်ပြနှုတ်ဆက်ခဲ့ကြသည်။ ပြည်သို့ နံနက် ၈း၃၀တွင် ရောက်ရှိပြီး မိမိတို့၏ အထုပ်အပိုး ပစ္စည်းများကိုချကြသည်။ ထို့နောက်အဝေးပြေးဂိတ်သို့ကားငှား၍သွားကြသည်။ နံနက် ၉း၃၀တွင် **Asia Express** ဖြင့် ရန်ကုန်သို့ပြန်ကြရာ ညနေ ၃း၃၀တွင် ရန်ကုန်စော်ဘွားကြီးကုန်းအဝေးပြေးဂိတ်သို့ရောက်ရှိခဲ့သည်။ ကားဂိတ်တွင် ခေတ္တစောင့်ဆိုင်းကြပြီး ကြာအင်းကျေးရွာလေ့လာရေးခရီးစဉ် အောင်မြင်စွာပြီးဆုံးသည့်အနေဖြင့် မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခဲ့ကြသည်။ ညနေ ၄း၅၀တွင် **Holy Cross** ကားဖြင့်ဓမ္မတက္ကသိုလ်ကျောင်းတော်သို့ ပြန်လာကြရာ ညနေ ၅း၂၀တွင် ရောက်ရှိခဲ့သည်။ ဓမ္မတက္ကသိုလ်သို့ရောက်သည်နှင့် လူအများက 'ကြာအင်းရွာ ညခင်းသာ ပျော်မှာပါ့လေး' ဟုမေးရာ ဓမ္မတက္ကသိုလ်ကျောင်းသူသားများကလည်း 'ကြာအင်းရွာ လမင်းသာ ဖော်ပါမှနွေး၊ ပျော်ပါရဲ့ ရွာနံဘေးမှာ ချောင်းရေကအေး' ဟူ၍ အဖြေပေးလိုက်ကြပေသတည်း။

ရဲထွန်း



၁။ နံနက်ခင်းရဲ့
အေးမြလတ်ဆတ်တဲ့
နှင်းမြူမှုန်တွေကြားထဲ
ကျောင်းတော်ကြီးဟာ
ရိုးသားစွာ နိုးထလာခဲ့ပေါ့
ကဲ. . . ဘယ်သူတွေအရောင်ဆိုးချင်သလဲ
ဘယ်သူတွေတန်ဆာဆင်မှာလဲ. . . . ပြော. . ။

၂။ ကာရံနဘေထပ်တွေ
အသေမှတ်ယင်း. . .
မော်ဒန်ဟာပျောက်ဆုံးနေပေါ့. . .
လူကြီးမင်းများခင်ဗျား
ခံစားမှုအနှစ်တည်ရာ
အစစ်သည်သာဖြစ်ကြောင်း
သတင်းကောင်းပါးလိုက်ပါရစေ. . . . ။


၃။ ကျွန်တော်. . . . ဝေလေလေမဟုတ်
ခင်ဗျားကော. . . ရောယောင်ပါချင်သလား
တစ်နေ့ဝှမ. . . . ဖြစ်တည်သမျှလမ်းဆုံး
မင်းအသိ. . . . . ငါအသိ
ကျောချမှ ဓါးပြမဟုတ်
ခေါင်းကို ပွတ်သပ်သူတွေထဲမှာ
သင်. . . . ပါဝင်နေသလား. . . . . ။

၄။ မြို့ပြရဲ့အငွေ့အသက်တွေကြား
နိုးထနေတဲ့သတ္တဝါတစ်ကောင်
အိမ်မြှောင်မဟုတ်
သင်. . . ကိုင်တွယ်စမ်းသပ်လိုက်
ဒါဟာ. . . မြွေတစ်ကောင်. . . . .

၅။ ဟာရီကိန်း. . . . . . မလို
မြေငလျင်. . . . . . . မလို
ဒိုင်းနမိုက်. . . . . . . မလို
ဆူညံဂီတ. . . . . . . မလို
မက်ခေါနား. . . . . . မလို
နာရီနှိုးစက်. . . . . . မလို
အလိုလိုနိုးထနေတဲ့
ကျောင်းတော်ကြီး
ချိုလွင်ဂီတသံကြားထဲ
စီးမျောနေခဲ့ပေါ့. . . . . . . ။

ကိုမျိုး(မြည်)

# ကြေကွဲအလွမ်း





* နှင်းမှုံဖွေးဖွေး လေညင်းဆော့ချိန်
ဟေမာန်ညချမ်း ဆောင်းတညဝယ်
ခရစ်အရှင် သန့်စင်မှုခဲ့
အို. . . အဘ ဟာလေလုယာ. . . . .

* ဟိုဟာ. . ဒီဟာ ငါ့ဟာတဲ့
ငါသောက်သောခွက် လာမပုတ်နဲ့
ငါစားသောခွက် လာမနှိုက်နဲ့
လောဘ. . ဒေါသ . . မောဟတရားတွေ
ပြည့်လျှံခဲ့ အပြစ်သားမို့
အို. . . အဘ ခွင့်လွှတ်မှုပါ. . . . .

* ထိုထို ဤဤ
ဒုစရိုက်လွှမ်း အမှောင်ကမ္ဘာ
ရေကိုပင်လျှင် တံလျှပ်ထင်ခဲ့
ပေးရာ လွှဲရာ စွန့်ခွါကြပြီ
ကရုနာမှာ ပိုင်သသူကို
ရက်စက်ညှဥ်းပမ်း ကားတိုင်တင်ခဲ့ကြပြီလေ။

* ငါ့တွက် သူ့တွက် ချွေးသွေးရင်းခဲ့
အသက်စတေးခဲ့ ထိုတစ်နေ့ကို
တွေးရင်းဆွေးရင်း တသသနဲ့
ကရုနာရဲ့ 'ကြေကွဲအလွမ်း'
ဒို့ရင်ထဲ တရှိုက်ရှိုက်ပါတကား။

လှိုင်း(ပထမနှစ်)




* လမ်းဖောက်သမား
သင်ယောက်ျားကို
အဖန်ရျားစွာ
ဤကမ္ဘာတွင်
ငါသည်လှည့်ပတ်ရှာဖွေခဲ့။

* မတွေ့ရဘဲ
ဇာတိထဲတွင်
ဆင်းရဲခဲ့ရ အကြိမ်ကြိမ်။

* လမ်းဖောက်သမား
အို... ယောက်ျား
ခုကား သင့်ကိုငါတွေ့ပြီ။


* ဒိုဇာ၊ ရိုတာ
ထိုအရာကို
လိုရာမသုံးပြုတော့ပြီ။

* ငါ၏လမ်းလျှောင်
ငါ့သခင်သည်
ပြုပြင်ကင်းရာ
ရောက်ခဲ့ပါ၍
သမ္မာဇီဝဖြစ်သတည်း။ ။

ဝိသ(ပထမနှစ်)

ဒိုဇာ၊ ရိုတာ- လမ်းဖောက်ရာတွင်သုံးသည့် စက်
ယန္တရားများ။





## အေးရိပ်ငြိမ်း

◆မြို့နှင်းဖွေးကျ　ဆောင်းညဥ့်နက်လယ်
ရှိဝေဝိုးတဝါး　တေးသံများထက်
မျှော်လင့်နေခဲ့　အာရုံမဲ့စေ။


◆ဒီလိုခံစား　သင့်နှလုံးသားလည်း
မည်းနက်သစ်လွင် အလင်းတန်းဆီသို့
ဦးတည်ရွေ့လျား　ခံယူထားစေ. . . .

◆နှောင်းခဲ့နှစ်တွေ အသစ်သို့ပြန်လှည့်
ဖြူစင်ခြင်းမဲ့　နှလုံးသားထက်ဝယ်
နင်ရောင်ငါ့ပါ　အလင်းတန်းတည်စေ. . . .

◆ခိုင်မာဆုံးဖြတ်　အမှုတော်မြတ်သို့
ကိုယ်စိတ်ဝိညာဉ်　အပ်ပြီးလျှင်မူ
လက်ကမ်းကြိုနေ　ကျောင်းတော်ရိပ်မြေ. . . .

◆သခိုင်းစဉ်နှင့်　ကျင့်စဉ်အတွေးအခေါ်
ပြန်လည်ဖော်ထုတ်　လက်တွေ့လုပ်ဖို့
အမှန်တရားဆုပ်ကိုင်　သူ့မဏ္ဍိုင်ပေ. . . .


◆အယူမှားမြင်　လွှဲသောအထင်ကို
ပြုပြင်ပြောင်းလဲ　ကြည်လင်စေမယ့်
ပြောင်းလဲဌာနေ　တို့ကျောင်းတော်မြေ. . . .



စောဗိုက်(ပထမနှစ်)

## သခင့်ချစ်သူ

❀သင်ချစ်သောသူကို သင်တွေ့အောင်ရှာ
လောကမှာသူအမြဲရှိ
သင့်ရဲ့ဘဏ္ဍာ သင့်ဥစ္စာထက်
သင့်ချစ်သူကို ချစ်နိုင်လေား
သင့်ရဲ့အသက် သင့်ဝိညာဉ်ကို
ပိုကာအပ်နှံ ယုံရဲခဲ့လား......





❀တာဖွဖွရွတ်ဖတ် သင့်နှုတ်ဖျားက
သခင့်ကိုချစ်တယ် အရှင့်ကိုချစ်တယ်
မုသားကိုသုံး နှုတ်ချိုပြုံး၍
လူတကာရှေ့မှောက် သင်ဒူးထောက်လဲ
နှိမ့်ချခြင်းသည် အလျင်းမရှိ......

❀သင်ချစ်သောသူ သင့်ချစ်သူသည်
လေပြေတိုက်ခတ် နှင်းဖွေးကျတဲ့
X'mas ရဲ့သန်းခေါင် ညအမှောင်မှာ
နံ့ချာသေးသိမ် နွားစားခွက်အိမ်ငယ်မှ
လူ့ဇာတိခံလို့ နှိမ့်ချစွာ
ဆင်းသက်လာခဲ့......


❀သင်ချစ်သောသခင် ယေရှုရှင်ကို
သင်တွေ့အောင်ရှာ လောကကမ္ဘာမှာ
သူအမြဲရှိလျက် သင့်ရဲ့ခေါ်သံ
သင့်ဆုတောင်းသံကို မျှော်လင့်နေသဲ
နားစွင့်မြဲ......

**Joshua (Fast Year)**






## သခင့်မှုတော်ထမ်းခဲ့ပြီ



✝ မေတ္တာရင်းတည် သခင့်ဆီမှ
သွေးဖီအဝေး ရှောင်ခွါပြေးလည်း
မဝေးသူ့ထံ နောင်တသံဖြင့်
တောင်းပန်ငိုကြွေး မောင်ရင်ထွေးသည်
မနေးတဖန်ပြန်ခဲ့ပြီ။....

✝ လောကီအရေး စိတ်မှာတွေး၍
မောင်ထွေးအစဉ် ရှောင်ပြေးချင်လည်း
သခင်ဘုရား ထံတော်ပါးတွင်
အမှားကိုပြင် တရားမင်၍
သခင့်မှုတော်ထမ်းခဲ့ပြီ။


ဝိသ (ပထမနှစ်)




◆ ယာယီတဲမှာ နေကြဲရာတွင်
ကြောမျက်မှောက် ကွယ်ကာပျောက်မယ်
လျှံမောက်ဥစ္စာ ရတနာနှင့်
ခါခါယစ်မူး အနေထူးလျက်
အရှုပက ကြွားဝင့်ကာပင်
သမာတရား မယ်ငြားရှ်
မှောက်မှားအိဗ်ယာ ပြုလေပါလျှင်
သင်သာဝရဲ ခန္ဓာမွဲနှင့်
အလွဲအချော် ဖြစ်နေသော်လည်း
ကိုယ်တော့်မေတ္တာ မြတ်ဆုံးသာဟု
ရင်မှာပိုက်တွေး ပြုပြင်ပေးက
အတွေးရင်မှာ မြင်ယောင်လာသည်
သင်သာမြတ်ဆုံး ဖြစ်မည်တည်း။ ။

ရဲထွဋ်(ပထမနှစ်)







◆ ရင်မှာနွေးထွေး မေတ္တာငွေ့ကို
ထရှိုက်မက်မော် ရှူရှိုက်လိုက်လျှင်
ဆန့်ခွဲခရီး ရှာပုံဖွင့်၍
တက်၍တခါ ဆင်းတုံထလှည့်
မြေညီပြင်ထက် လှည့်လည်ရှာသည်း
မြေကုန်လက်ပန်း ခန္ဓာနွမ်း၏။......

◆ တမ်းတလိုအင် မေတ္တာရှင်ကို
မတွေ့ခင်မို့ ရင်မှာလှိုက်ဖို
နိုက်နိုက်တုန်နေ ......
ထိုအချိန်ပင်
မေတ္တာအရှင် သူ့ရင်ခွင်ထဲ
ဆိုက်ဆိုက်ရောက်ခဲ့......
မေတ္တာဝေမှုတ်
နှမ်းလွန်းနေပြီမို့
နွေးထွေးရွှမ်းအင် ထခင့်ရင်ခွင်ထဲ
အခေပိုက်ထွေး သားထွေးသေးနှယ်
တင်းကျပ်ဖက်ငွေ့ ခေါင်းလေးပေစ်ချက်ပင်
တိုးဝေ့လိုက်မိ.............

ဆောင်းဇာခိမ်(ကေတု)
ပထမနှစ်




- မေမေ့ကျေးဇူးကြောင့်
  ကျောင်းတော်ရောက်တော့မှ
  စုတွေ့လူလူတွေ့ပြီ. . . . မေမေ


- စည်းကမ်းတင်းကျပ်
  လွတ်လပ်မှုရှာဖြစ်
  ဆရာကြီးထံပါး
  သွားရသည်ကလည်း. . . . . မနည်းတော့ပြီ

- မေမေ့ထံစာရေး
  အားပေးမှုစကားကတော့
  လိမ္မာစေချင်ရှိပါသားလေးရယ်တဲ့. . . . .

- ကျောင်းတော်ရဲ့စည်းကမ်း
  လမ်းပြသို့ဆောင်ကျဉ်း
  အလင်းရောင်ပေးတော
  သားလေးနားလည်နေပါပြီ. . . မေမေရယ်။

ပိုးတီ(အ. .းတော်)






- ကျောင်းတော်မြေ (Holy Cross) မှ
  ဌာနေကိုလွမ်းတဲ့ည (ရန်ကုန်မှာ)
  ခုင်ပွင့်လေးများ ကြွေနေတယ်အမေ. .

- လွမ်းတဲ့စိတ်ကို
  ချော့သိပ်ရင်းဒီအချိန်
  အမေ့ထံပြန်ချင်တဲ့ရက်
  ပါပြင်ထက်စမ်းချောင်းသွယ်နိုက်
  အမေ့ရင်ခွင်တစ်ထာမြင်. . . . . .

- သန်းခေါင်ယံညဥ့်နက်
  တိတ်ဆိတ်လို့နေချိန်
  ရှိုက်သံသဲ့သဲ့မိုးယူမိခဲ့
  နှလုံးအိမ်ထက် ဆွေးရိပ်ဝေချိန်
  အမေ့အိမ်ကို ထမ်းတာမြင်. . . . . . .

- လေပြေဆော့မြေ
  နှင်းဖွေးဖွေးမှာ
  အတိတ်ရဲ့သစင်
  အနာဂါတ်အရှင်သည်
  ငြိမ်းချမ်းမှုဆောင်၊ လောကီဘောင်သို့
  တမန်ကြွမြန်း၊ ဆင်းသက်ချိန်မှာ
  သားချစ်သောအမေ မွေးမေမေသည်
  မယ်တော်နည်းတူ ပျော်ရွှင်ပါစေ၊

Joshua (ပထမနှ 3)

# ဘုရား ကိုသွားရာလမ်း

ရှမ်းဘုတ် (ရေလဲမြေ)

◪ ပန်းလေးတစ်ပွင့်  ရေမှာနစ်နေတယ်
သနားလိုက်တာ
ရေမကူးတတ်ဘူး  လှေမရှိဘူး
ငါမကယ်နိုင်ဘူး. . . . .

◪ ပိုးစုန်းကြူးတစ်ကောင်
ပင့်ကူအိမ်မှာ  ငြိနေတယ်
သနားလိုက်တာ
သစ်ပင်လည်းမတက်တတ်ဘူး
တုတ်လည်းမရှိဘူး
ငါမကယ်နိုင်ဘူး. . . . . .

◪ ဒီလို 'ဘူး' များစွာနဲ့  ငါ့ရဲ့ဘဝ
အစွယ်နစ်ချောင်း
ငါ့အသက်ကိုလာတောင်းတယ်
ကြောက်လိုက်တာ
ငါ့ကိုယ်ကိုပြန်ကြည့်မိတော့
အတတ်ပညာကမရှိ
လက်နက်ဆိုတာ ဗလာနတ္ထိ။. . . . . . ၊

ရှမ်းဘုတ်(ရေလဲမြေ)



# လကြိုကျောင်းလျှက်ကြို




☺ သီဩလိုဂျီ  တို့ကျောင်းဌာနီ
ထာဝရလစ်း  ဝိညာဉ်ပန်းနှင့်
လက်လှမ်းလျက်သာ  ကြိုးလှမ်းလာမှု။. . .

☺ တက္ကသိုလ်  အေးငြိမ်းရာသို့
ဝိညာဉ်နို့ချို  သောက်စို့လိုသား
အမှုတော်မြတ်၌  ကျင်လည်စို့လား။. . . .

☺ မွန်မြတ်မှုတော်  ထမ်းဖို့ရွယ်သော်
မမှားရအောင်  လမ်းပြဆောင်မည်
သီဩလိုဂျီ  တို့ကျောင်းဌာနီ။. . . .

☺ အမြင်ဒိဋ္ဌ  ပွင့်လန်းရမည်
ယုံကြည်စိတ်ချ  တက်လှမ်းလှည့်သည်
တို့ကျောင်းဌာနီ (Holy Cross) ဆီ. . . . . .

Joshua (ပထမနှစ်)



ရန်ကုန်တက္ကသိုလ်၏အလှကျက်သရေဆောင် ဂုဏ်ဆင်ဘုရားကျောင်းရှေ့မြက်ခင်းပြင်တွင် ခရစ္စမတ်ဘေးသီလေးများ ဖွံ့လွင့်နေပါသည်။ ပညာနို့ရည်လာရောက်သောက်သုံးကြသော အနယ်နယ်အရပ်ရပ်မှခရစ်ယာန်မောင်နှမများသည် ခရစ္စမတ်အကြိုဆုတောင်းဝတ်ပြုပွဲပြုလုပ်ပြီး လက်ဆောင်ပစ္စည်းလေးများအမှတ်တရ ယဲလှယ်ကြရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုများတိုးလာကြပါသည်။ ထိုအထဲတွင်တော့ နယ်မှ ကျောင်းလာတက်ကြသော ကုံကော်ဆောင်သူ မာလာနှင့် စန္ဒီတို့နှစ်ယောက်လည်း အပါအဝင်ဖြစ်ပါသည်။

'ဒီကညာမနာမည်က မစန္ဒီနော်'

'ဟုတ်ပါတယ်'

'ဒီကညီမနဲ့လက်ဆောင်ပစ္စည်းလဲချင်လို့ပါ'

'ရပါတယ်. . . ဒါကျွန်မရဲ့အမှတ်တရလက်ဆောင်ပါ'

'ဟုတ်ကဲ့ ကျွန်တော်ရဲ့အမှတ်တရ ပစ္စည်းကိုလည်းယက်ခံပါနော်. . . . အဖိုးတန်ပေမယ့်. . . စန္ဒီအတွက်အသုံးဝင်မှာပါ။. . . . ကျွန်တော့်အမည်ရဲအောင်လို့ခေါ်ပါတယ်. . . . . ဒုတိယနှစ်ရူပကာပါ။ အသင်းတော်ကတော့ မင်္ဂလာဘုံမှာပါ. . . မစန္ဒီတို့ကိုလည်းကျွန်တော်တို့အသင်းတော်ကို ဖိတ်ခေါ်ပါတယ်။. . . . .

'ကျေးဇူးတင်ပါတယ် ကိုရဲအောင်. . . အားရင်လာခဲ့ပါ့မယ်. . .'

ဤသို့ဖြင့် ခရစ္စမတ်အကြို၏ ကြည်နူးဖွယ်ညနေခင်းလေး ပြီးဆုံးသွားခဲ့ပါသည်။ မာလာနှင့်စန္ဒီကို သူငယ်ချင်းနှစ်ယောက်လည်း အဆောင်သို့ ပြန်ခဲ့ကြသည်။

✽ ✽ ✽

'စန္ဒီ. . ပြပါအုံးဟ. . . နင့်လက်ဆောင်ကိုငါကြည့်ချင်တယ်. . . . . ဟို. . ကိုရဲအောင်ဆိုတဲ့လူကနင့်ကိုလက်ဆောင်ပေးပြီး မ်တ်ခွဲသွားတာ. . . စာတ်လမ်းစပြီထင်တယ်. . . . . . .'

'မဟုတ်ပါဘူးမာလာရယ်. . . ကိုယ့်ခရစ်ယာန်အချင်းချင်းမောင်နှမတွေဘဲဟာ. . . . .'

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သားဖွင့်ကြည့်လိုက်တော့ အထဲမှ ရောက်စုံဗေဒပုဝါလှလှလေးများကိုတွေ့လိုက်ရသည်။

'. . ဟေ . . ပုဝါလေးတွေလှလိုက်တာဟယ်. . . . စာတစ်စောင်ပါ. . . ပါတယ်ဟ. . .'

နှစ်ယောက်သား အသံထွက် ဖတ်လိုက်ကြသည်။

'ခရစ်ယာန်အမျိုးသမီးများအတွက် ပွဲတော်ဝင်ရာ၌အသုံးပြုရန် အမှတ်တရလက်ဆောင်' ဟု တွေ့ရသည်။



'. . အတော်ဘဲစန္ဒီ. . . . မင်းဘုရားကျောင်းတက်ရင်. . . . . အကျီရောင်နဲ့အလိုက်ဘဲ. . . ဒီပုဝါလေးကိုခြုံရင် သိပ်လှမှာဘဲကွာ. . .'

မာလာကတက်ကြွစွာပြောနေသလောက် စန္ဒီမှာတော့မျက်ရည်ဝဲကာ ငြိမ်သက်နေသည်။

'. . ဟင်. . . စန္ဒီ. . . မင်းဘာဖြစ်လို့ငိုနေတာလဲ'

စန္ဒီကခေါင်းကို ဖြည်းညင်းစွာ ခါလိုက်ပြီး သူ့ရဲ့လွယ်အိတ်ထဲမှ မှတ်ပုံတင်ကတ်လေးကို ထုတ်ယူလိုက်သည်။ မာလာကတော့နားမလည်စွာနှင့် ကြည့်နေသည်။ စန္ဒီကမှတ်ပုံတင်ကတ်မှ ကိုးကွယ်သည့်ဘာသာနေရာသို့ မာလာကိုပြလိုက်သည်။

'ဟင်. . စန္ဒီ. . . မင်းကခရစ်ယာန်မဟုတ်ဘူးလား. . . ငါတော့ဘာမှ နားမလည်တော့ဘူး. . . မင်းတကို့ထက်တောင် ဘာသာတရားကို ကိုင်းရှိုင်းတာဘဲ. . . သိခွင့်ရရင်ပြောပြပါလားကွာ. . .'

'ပြောပြပါမယ် သူငယ်ချင်းရယ်. . . ငါလည်းမင်းတို့လိုဘဲ ခရစ်ယာန်စစ်စစ်တစ်ယောက် သိပ်ဖြစ်ချင်တာပေါ့ကွာ. . . . ငါ့ရဲ့ခံယူချက်ကတော့ခရစ်တော်ကိုဘဲ ယုံကြည်ကိုးစားတယ်ကွာ. . . ဘာဖြစ်လို့ဒီလိုဖြစ်ရသလဲ ဆိုယင်. . . . ငါသိပ်ချစ်တဲ့အဖေနဲ့အမေဟာမတူညီတဲ့ ထမ်းပိုးကိုထမ်းခဲ့ကြလို့ဘဲ. . . ငါ့အဖေကယုံကြည်သူတစ်ယောက်မဟုတ်ဘူးလေ။. . . . အဖေနဲ့အမေဟာ မယူခင်ကညှိကြပါသေးတယ်. . ဒါပေမယ့်မရကြဘူးလေ. . . . အခုဆို. . . ဒို့မောင်နှမတွေဒုက္ခရောက်တာပေါ့ကွာ. . . .'

'ဟုတ်တာပေါ့ကွာ. . . မင်းတို့က. . မောင်နှမဘယ်နှစ်ယောက်ရှိလို့လဲကွ. . .'

'ဒို့မှာ မောင်နှမလေးယောက်ရှိတယ်. . . ငါကအငယ်ဆုံးပေါ့ကွာ. . . ငါ့အထက်မှာ အကိုသုံးယောက်ရှိတယ်လေ. . . သူတို့သုံးယောက်လုံး. . . ဒို့အမေဘာသာကိုဘဲ ကိုးကွယ်ယုံကြည်ကြတယ်. . . အားလုံးလဲ ဗတ္တိဇံခံပြီးသွားကြပြီလေ. . . . .'

'ဒါဆိုမင်းတစ်ယောက်ထဲ ကျန်တော့တာပေါ့စန္ဒီ.'

'ဟုတ်တယ်. . ငါ့အဖေကို ငါသိပ်သနားတယ်. . အဖေက သူ့ဘာသာကို ဘယ်သူမှ မကိုးကွယ်ကြတော့ စိတ်အားငယ်တယ်ကွ. . . ငါ့ကိုတော့အချစ်ဆုံးလဲဖြစ်တော့ သူ့ဘာသာကိုဘဲကိုးကွယ်ဖို့ပြောတယ်လေ. . ငါလည်း အဖေစိတ်ဆင်းရဲမှာစိုးလို့. . . . . ဘာမှမပြောတော့ဘူး. . . ဒါပေမယ့် . . ငါငယ်ငယ်တုန်းကဆိုရင်. . . အဖေမသိအောင် သင်တန်းတွေ. . . . . ခိုးတက်ခဲ့ရတယ်. . . . . . နောက်ပြီး ဗတ္တိဇံခံချင်လို့ဆရာကြီးမှာအတင်းသွားပြောတော့. . . ဆရာက မိဘခွင့်မပြုဘဲ မလုပ်ပေးဘူးပြောလို့. . . ဝမ်းနည်းခဲ့ရတာတွေ ရှိခဲ့တယ်လေ. . . . အဲဒီကစပြီး. . . မိဘမသိဘဲ ဘာမှမလုပ်ဘူးလို့ဆုံးဖြတ်ခဲ့တယ်ကွာ. . . . . ဒါပေမယ့်မာလာရယ်. . . ငါစိတ်ဓါတ်မကျပါဘူး. . . . . တစ်နေ့မှာ ငါ့အဖေ အသက်တာပြောင်းလဲမယ်လို့ယုံကြည်တယ်. . . . . ဆုလည်းအမြဲတောင်းပါတယ်. . . ငါလည်းကျမ်းစာအမြဲဖတ်ပါတယ်. . . . ရောမ ၁၀း၉ထဲမှာ. . ခရစ်တော်ကို နှုတ်နဲ့ဝန်ခံပြီး. . . စိတ်နှလုံးထဲမှာယုံကြည်ရင်. . . ကယ်တင်ခြင်းသို့ရောက်သိမ့်မည်. . လို့တမန်တော်ကြီးရှင်ပေါလုက သစ္စာစကားဆိုထားတယ်လေ. . . . . တစ်နေ့တော့ဘုရားသခင်. . ငါ့ဆုတောင်းကို အဖြေပေးမှာပါ. . မာလာ. . .'

'မင်းတို့အကြောင်းသိရတာ. . စိတ်မကောင်းပါဘူးကွာ. . . . ငါလည်းမင်းအတွက် ဆုတောင်းပေးမယ်နော်. . . . .'

'ကျေးဇူးပါဘဲသူငယ်ချင်းရယ် . . ဒီတစ်တွေစကား ကောင်းလိုက်ကြတာ ညဉ့်နက်လှပြီ . . . . ဘုရားဆု တောင်းပြီးအိပ်ကြစို့ကွာ . . . .'

✺ ✺ ✺

'စန္ဒီနဲ့မာလာ'

'. ဪ . . . . ကိုရဲအောင်ပါလား . . . ဘယ်က လှည့်လာတာလဲ . . . .'

'အတန်းမရှိလို့ပုဉ်းတာနဲ့ စန္ဒီတို့ဆီလာလည်တာ ပါ . . . . ဒါနဲ့ . . ကျွန်တော်ပေးတဲ့လက်ဆောင် သ ဘောကျရဲ့လားစန္ဒီ . . .'

'ဟုတ်ကဲ့ . . . ကြိုက်ပါတယ် . .'

'ကျွန်တော်တို့ ခရစ်ယာန်မိန်းခလေးတွေပွဲတော် ဝင်ရင် . . ပုဝါလေးခြုံသုံးတာ ကျွန်တော့်မျက်စိထဲ ကျက်သရေရှိလို့ ပေးတာပါဗျာ . . . ခရစ္စတော်ရောက် ရင်နယ်ပြန်မှာလားစန္ဒီ . . . မပြန်ရင် ကျွန်တော်တို့ဘု ရားကျောင်းကိုလာဘို့ဖိတ်ပါတယ် . . . . .'

'မပြန်ဖြစ်ရင်တော့ လာနိုင်အောင်ကြိုးစားပါ့မယ် အခုအတန်းချိန်နီးနေလို့ . . . စန္ဒီတို့ကိုခွင့်ပြုပါဦး . .'

'ကောင်းပါပြီဗျာ . . .'

✺ ✺ ✺

'ဪ . . . စန္ဒီ ညှို့သည်ဆိုလို့ မြေးဆင်းလာတာ ဘယ်သူများလဲလို့ ကိုရဲအောင်ကိုး . . .'

'ဟုတ်ပါတယ်မာလာ . . . စန္ဒီရောဟင် . . .'

'စန္ဒီကျောင်းပိတ်လို့နယ်ပြန်သွားတယ်လေ . . .'

'ကျွန်တော့်ကိုများ ရှောင်နေတာလားမသိဘူး . .'

'ကိုရဲအောင်က စန္ဒီ့အကြောင်းမှ မသိတော့ အဲဒီ လိုထင်ရော်ပေါ့ ... ပါဘူးလေ . . . .'

'စန္ဒီ ... ... လား . . . .'

မာလာက စန္ဒီ့အကြောင်းအစအဆုံးပြော လိုက်သည်။

'ကျွန်တော်စိတ်မကောင်းပါဘူးဗျာ . . . စန္ဒီပြန် လာရင်သာ ကျွန်တော်လာသွားတဲ့အကြောင်း ပြော ပေးပါနော် . . . ကျွန်တော်ပြန်လိုက်ပါအုံးမယ် . . .'

'ဟုတ်ကဲ့ကိုရဲအောင် . . . မာလာပြောလိုက်ပါ့ မယ် . . .'

✺ ✺ ✺

'စန္ဒီရွာပြန်သေးတယ်ဆို . . .'

'ဟုတ်ပါတယ် . . . စန္ဒီအိမ်ကိုသတိရလို့ပြန်သွား တာပါ . . . ပြန်ရောက်တော့ . . ကိုရဲအောင်လာသွား တယ်လို့ မာလာကပြောပါတယ် . . .'

'ကျွန်တော် . . စန္ဒီ့အကြောင်းသိရတာ . . စိတ်မ ကောင်းပါဘူးဗျာ . . . . ကျွန်တော်ပေးတဲ့လက်ဆောင် ကြည့်ပြီး . . . . စိတ်မကောင်းဖြစ်တာ . . ကျွန်တော် ဝမ်းနည်းမိတယ် . . . စန္ဒီ . . .'

'စိတ်မကောင်းမဖြစ်ပါနဲ့ကိုရဲအောင် . . . ကျွန်မ တို့ ဟာခရစ်ယာန်တွေပါ . . . . ဖေက် ၂၈-၉မှာ . . . ယုံ ကြည်ခြင်းဖြင့် ခရစ်ယာန်ဖြစ်လာသည်လို့ . . . . ဖော် ပြထားတာ ကိုရဲအောင်လည်းသိမှာပါ . . . . ကိုရဲ အောင်ရဲ့လက်ဆောင်ဟာ တစ်နေ့အသုံးဝင်မှာပါ . .'

'စန္ဒီရဲ့စိတ်ဓါတ်ကိုတော့ ကျွန်တော်ချီးကျူးပါတယ် ဒီနေ့ကစပြီး . . . ကျွန်တော်လည်း . . စန္ဒီ တို့အတွက် ဆုတောင်းပေးနေမှာပါ . . . . ကျွန်တော့်ကိုလည်းအား မနာပါနဲ့ လိုအပ်တဲ့အကူအညီရှိရင် ပြောပါနော် . . .'

'ကျေးဇူးပါဘဲကိုရဲအောင် . . .'

✺ ✺ ✺



## ယုံကြည်ခြင်းဖြင့် ခရီးဆက်ဖြစ်လာသည်

စန္ဒီ၊ မာလာနှင့်ရဲအောင်တို့မှာ အမြဲတတွဲတွဲ ခင်လာကြသည်မှာ စန္ဒီ တို့က ဒုတိယနှစ်၊ ရဲအောင်က နောက်ဆုံးနှစ်သို့ပင် ရောက်ရှိခဲ့ကြသည်၊

အတန်းတင်စာမေးပွဲကြီးလည်းနီးနေပြီဖြစ် သည့်အတွက်ကျောင်းသူကျောင်းသားတိုင်း စာကိုကြိုး စားနေကြရသည်။

စန္ဒီတစ်ယောက်လည်း ဖာလာနေမကောင်း ဖြစ်နေသည့်အတွက် ကျောင်းသို့တစ်ယောက်တည်း လာခဲ့သည်။

'စန္ဒီ . . .'

'ဟင် . . . . ကိုရဲအောင်'

'မာလာရောမပါဘူးလား . . .'

'သူနေမကောင်းလို့ကျောင်းမတက်ဖြစ်ဘူး . . .'

'စန္ဒီကိုကြည့်ရတာ ပိန်သွားသလိုဘဲ . . . စာလည်း သိပ်ပြီးကြိုးစားမနေနဲ့ . . . ကျန်းမာရေးထိခိုက်နေအုံး မယ် . . . .'

'ကြိုးစားရမယ် ကိုရဲအောင် . . . အဖေက ပညာရေးကို အရမ်းထူးချွန်စေချင်တယ်လေ . . . . စန္ဒီ တို့ဆင်းရဲပေမယ့် အဖေကအလုပ်ကြိုးစားပြီး . . . . ကျောင်းပြီးတဲ့အထိ ထားခဲ့တာ . . . စန္ဒီ့အကိုတွေဆို ရင် ကျောင်းပြီးကုန်ပြီ . . . . စန္ဒီတစ်ယောက်တည်း ကျန်တော့တယ် . . . . ဒါကြောင့် . . . စန္ဒီက ထူးထူး ချွန်ချွန်အောင်မြင်ချင်တယ်လေ . . . . .'

'စန္ဒီတို့အတန်းချိန်နီးပြီလား . . .'

'နာရီဝက်လောက်တော့လိုပါသေးတယ် . . .'

'ဒါဆိုတစ်ခုခု သွားစားကြရအောင်နော် . .'

'သွားလေကိုရဲအောင် . .'

'ကျွန်တော်တို့ခင်လာခဲ့ကြတာ . . . အခုဆိုရင် . သုံးနှစ်တောင်ရှိသွားပြီနော် . . . . ကျွန်တော်လည်းဒီ နှစ်ဆို ကျောင်းပြီးတော့မယ် . . . နောက်ဆိုစန္ဒီတို့နဲ့ဆုံ ဖို့သိပ်မလွယ်တော့ဘူးလေ . . . . ကျွန်တော့ရင်ထဲမှာ အခုတလော တစ်မျိုးကြီးဖြစ်နေတယ် စန္ဒီရယ် . . . စန္ဒီ စိတ်မဆိုးဘူးဆိုရင် . . . . စန္ဒီ့ကို ကျွန်တော်စကား တစ် ခွန်းလောက်ပြောချင်တယ်ဗျာ . . .'

'ပြောပါကိုရဲအောင် . . . ဒီလောက်ခင်လာကြတဲ့ သူငယ်ချင်းတွေဘဲ . . . ဘာဖြစ်လို့စိတ်ဆိုးရမှာလဲ . .'

'စန္ဒီ့ကိုကျွန်တော် သိပ်ချစ်တယ်ဗျာ . . . စန္ဒီလက် ခံနိုင်ပါ့မလား . . .'

'တစ်နေ့ကိုရဲအောင် ဒီစကားပြောလာမယ်ဆို တာ စန္ဒီသိပါတယ် . . . ဒါပေမယ့်ကျောင်းနေတုန်းမှာ စန္ဒီ အဲဒါတွေမစဉ်းစားချင်ဘူး . . . ဘာဖြစ်လို့လဲဆိုတော့ စန္ဒီ့အဖေကကျောင်းနေရင် . . စာကလွဲပြီး ဘာမှမစဉ်း စားရဘူးလို့မှာထားတယ်လေ . . . ဒါပေမယ့်စန္ဒီကျောင်း ပြီးလို့ထူးထူးချွန်ချွန်အောင်ရင် . . စန္ဒီလိုချင်တာပေး မယ်လို့အဖေကပြောထားတယ် . . . အခုဆိုယင်စန္ဒီ က ပတ္တမြားတောင် မခံရသေးဘူး . . . အဖြစ်ချင်ဆုံးက အဲဒါဘဲ . . . ကျောင်းပြီးရင်တော့ စန္ဒီရဲ့ဆန္ဒကို အဖေ့ ဆီမှာ တောင်းဖို့ဆုံးဖြတ်ထားတယ် . . အဖေကခွင့်ပြု ရင်တော့ ကိုရဲအောင်ဆီစာရေးလိုက်မယ်လေ . . .'

'စန္ဒီရဲ့ဆန္ဒပြည့်ဝမှ ကျွန်တော့်ကိုလက်ခံမယ် ဆိုတဲ့ သဘောလား . . .'

'ဟုတ်ပါတယ် . . . . ကိုရဲအောင်'

'ကောင်းပြီလေ . . . ကျွန်တော်ဆုတောင်းခြင်းနဲ့ ဘဲမျှော်လင့်နေပါ့မယ် . . . .'

'အတန်းချိန်လည်းနီးနေပြီ . . . စန္ဒီတို့သွားကြရ အောင် . . . . .'

✺ ✺ ✺

အချိန်ကာလတို့ အရွေ့ရွေ့ကုန်ခန်းပြီး မာလာနှင့် စန္ဒီ တို့လည်းနောက်ဆုံးနှစ်သို့ပင် ရောက်ရှိခဲ့ကြသည်။

'စန္ဒီ ရယ်. . ကိုရဲအောင် တစ်ယောက်လည်း ကျောင်းပြီးကတည်းက မတွေ့တော့ဘူးနော်. . .'

'အေးဟယ်. . . အလုပ်များဝင်နေပြီလား မသိဘူး ငါ့ဆီတော့စာရေးပါတယ်. .'

'နင်သူ့ကို ဘယ်လိုဆုံးဖြတ်လဲဟ. . . သူကတော့ မဆိုးပါဘူးဟာ. . .'

'ငါ့ရဲ့ဆန္ဒတွေပြည့်မှသူ့ကို အဖြေပေးမယ်လို့ ငါသူ့ကိုကတိပေးထားတယ်. . . ဒါကြောင့် ဒီနှစ်ကအရမ်း အရေးကြီးတယ်လေ'

'ဟုတ်တယ်. . . စကားကောင်းနေလို့မဖြစ်ဘူး. စာဖတ်ကြစို့ကွာ. . .'

ဤသို့ဖြင့်စန္ဒီနှင့် မာလာတို့လည်း နောက်ဆုံး နှစ်စာမေးပွဲကြီးကို ဖြေဆိုပြီးစီးခဲ့ကြပါသည်။

❁ ❁ ❁

'သမီးရေ. . . သမီးနာမည်နဲ့စာလာတယ်. .'

'ဟုတ်လားအမေ. . . ဟာ. . . အဆောင်မှူးဆီကအောင်စာရင်းအကြောင်းကြားစာပဲ. . . သမီးရင်တွေခုန်လိုက်တာ. . . .'

'ကဲအမေ့ကိုပေးစမ်း. . . . အမေဖတ်ကြည့်ရအောင်. . . အမေကြီးလည်းလာနားထောင်ဟေ့. . . ဟာ. . . ဒါမှ ငါ့သမီးကွ. . . ဂုဏ်ထူးငါးဘာသာနဲ့ ထူးထူးချွန်ချွန်အောင်တယ်ဟေ့. . . .'

'ဝမ်းသာလိုက်တာအမေရယ်. . . . ဒါဲနော်အမေ. . . သမီးကို အမေပေးထားတဲ့ကတိအတိုင်း. . သမီးရဲ့ဆန္ဒကို ဖြည့်ပေးရမယ်နော်. . .'

'အမေမမေ့ပါဘူးသမီးရယ်. . . သမီးကအမေ့ လိုချင်တဲ့ဆန္ဒကို ဖြည့်ပေးပြီဘဲ. . . သမီးလိုချင်တာလည်းအမေသိပါတယ်. . . .'

'ဒါဆိုသမီးကို အမေတို့ ဘာသာထဲဝင်ခွင့် ပြုတယ်ပေါ့. . . .'

စန္ဒီတစ်ယောက် ဝမ်းသာလွန်း၍မျက်ရည်များ လည်လာသည်။ အမေနှင့် အစ်ကိုများကလည်း စန္ဒီ့အစားဝမ်းသာကြသည်။ စန္ဒီကတော့ အပြည့်အဝမပျော်နိုင်ပါ။

'ဒါဆိုရင် အမေတစ်ယောက်တဲကျန်ခဲ့မှာပေါ့. .'

ထိုစဉ်အမေဖြစ်သူက. . . . .

'သမီးအမေလည်း . . . အမေတို့နဲ့ တစ်လုံးတစ်ဝတည်းဖြစ်ဖို့ဆုံးဖြတ်ထားတယ်. . . သမီးဝမ်းမသာဘူးလား. . . .'

စန္ဒီမှာပျော်လွန်း၍ ဘာပြောရမှန်းပင်မသိတော့ပါ။ စန္ဒီ့ဘဝအသက်တာမှာ ဤနေ့သည် အဘယ်အရာနှင့်မျှ နှိုင်း၍မရသည့် ဝိတ်အဖြစ်ရဆုံး ပြောင်းလဲခြင်းနေ့သစ်လေးတစ်ခု ဆိုလျှင်လည်း မှားမည် မဟုတ်ပါ။ စန္ဒီသည် ရုတ်တရက်အခန်းထဲသို့ပြေးဝင်သွားပြီး ရဲအောင်နှင့် မာလာတို့ထံသို့ စာရေးရန် ဘောလ်ပင်ကို ကောက်ကိုင်လိုက်ပါသည်။ ဝိတ်အဟုန်ကြောင့် ကျဆင်းလာသော မျက်ရည်များသည် ရွှေပေလွှာစာရွက်ပေါ်တွင်ရေးသော အချစ်အကွရာများ၌ရောနှောပေါင်းစပ်သွားသည်မှာ အလွန်လှပသောပန်းချီကားတစ်ချပ်ကဲ့သို့ပင် အလှပေးရမည် ဖြစ်ပါတော့သတည်း။ ။

ဝံသ(ပထမနှစ်)

❁❁ ❁❁ ❁❁ ❁❁ ❁❁ ❁❁ ❁❁ ❁❁



# ကောင်းသောအမှု..တွေ့ဆုံချိန်..

# မောင်ကျော်

(ရေလဲကြီး)



ဒီနေ့ ကိုတိုးတစ်ယောက်ဆယ်တန်းစာမေးပွဲ အောင်လို့ အရှိန်ကို ဝမ်းသာပျော်ရွှင်နေမိတယ်။ ကြိုးစားရကျိုးနပ်ပြီပေါ့။ ကျောင်းပြင်မှာ ကိုတိုးနှင့်အတူ ဆယ်တန်းထိုးယောက်ရှိပေမယ့် သန်းနိုင်နှင့် နော်ရွှေ ထိုကျပြီး ကိုတိုးတစ်ယောက်တည်း အောင်ခဲ့တာကိုး။ သူငယ်ချင်းတွေ စာမေးပွဲကျလို့စိတ်မကောင်းဖြစ်ရပေမယ့် ဆယ်တန်းအောင်ရင် အမေ့ကို လုပ်ကျွေးမယ်လို့ ဆုံးဖြတ်ထားတဲ့ ကိုတိုးရဲ့ဆန္ဒပြည့်ဝခဲ့လို့ ပျော်ရွှင်မှုက ဝိုနေတာတော့အမှန်ပါ။

ကိုတိုးမှာက အမေတစ်ခု သားတစ်ခုသာဝဋ်ရှိ ကြိုးစားခဲ့ရတယ်။ ကိုတိုး တစ်ဆယ့်နှစ် နှစ်သား ယောက်ကတည်းက အမေ့ဆိုးလို့အမေပြီးခဲ့ခဲ့မောင် ကတဲ့ ကိုတိုးကို ကျွေးမွေးပြီး ကျောင်းထားခဲ့တာ ကိုး။ ဒါပေမယ့် ဦးခင်မောင်ဟာ အရက်အရမ်း သောက်ပြီး စကားများလွန်းလို့ လူတွေက သူ့ကိုယက် မခံချင်ကြဘူး။ ကိုတိုးကို အမေချစ်တာတော့ ကိုတိုးသိ ပါတယ်။ ကိုတိုးဆယ်တန်းအောင်လို့ အမေလည်းဝမ်း သာနေပါတယ်။ ဒါပေမယ့် ကိုတိုးရင်ထဲမှာ အမေ့ကို

အရက်ပြတ်စေချင်တာ ကြာပါပြီ။ ခိုနေတော့ အမေ ဝမ်းသာနေတာပေါ့ အမေဆီသွားပြီ..

'အမေ...... သားဆယ်တန်းအောင်တာ.. ဝမ်းမသာဘူးလားဗျာ...'

အမေကရုတ်ဆောင့်နဲ့ ကိုတိုးကိုကြည့်ပြီ..

'ငါ့ရဲ့ဆန္ဒပြည့်လို့ဝမ်းသာတာပေါ့သားရဲ့...'

'ဒါဆိုသားတစ်ခုပြောပါရစေ..အမေ...သား စာမေးပွဲအောင်တဲ့အထိမ်းအမှတ်နဲ့ အမေ...အမေ အရက်ဖြတ်ပါလားဗျာ......'

ကိုတိုးစကားကြောင့် ဦးခင်မောင် မိတ်ကိုထိန်းယင်း ထစ်ထုံးချင်းပြောချလိုက်ပါတယ်။

'ဒီမယ်ငါ့သား...အမေအရက်သောက်တာ..မင်းကို ဒုက္ခပေးလို့လား...'

'ဒုက္ခမပေးပါဘူးအမေ...ဒါပေမယ့်... ကိုတိုးပြောထွက်တော့ ရင်ထဲမှာတော့ လူတွေက ကျွန်တော်တို့ကို အရှုံးသဲပြောကြတယ်ဗျာ.. ဒါကို အမေလည်းသိမှာပါနော်... ဆိုတဲ့စကားကို အသံထွက်သဲ ပြောဖြစ်သွားတယ်ထင်ပါရဲ့၊ 'ဟင်း' ဆိုတဲ့ သက်ပြင်းရှည်တစ်ချက်သာထွက်သွားတယ်၊ အမေကဆက်မမေးတော့တာနဲ့ အမေ့ဆီက လှည့်ထွက် အိမ်ပေါ်တက်လာတဲ့ မောင်မောင်၊ ကြွက်နီ၊ ခွေးပုတို့သုံးယောက်ကို တွေ့လိုက်ရတယ်၊ မောင်မောင်ကစပြီး..

'ကိုတိုး...မင်းဆယ်တန်းအောင်ရင်... ငါ့ကို ကြိုက်တာ အဝကျွေးမယ်ဆို...'

'ငါကတိတည်ပါတယ်...မောင်မောင်ရာ..'

'ဒါဆိုအခုသွားမယ်..'

မျှော်ရှင်နေတဲ့သူငယ်ချင်းတွေကို ကြည့်ရင်း မျက်နှာနီနေတဲ့ အမေ့ဆီမှာ ခွင့်တောင်းလိုက်ပါတယ်

'အမေ...ကိုတိုးသွားလိုက်ဦးမယ်နော်..'

'ဪ...အေး..အေး...'

မောင်မောင်တို့သုံးယောက်ကို ရွာနောက်ပိုင်း

ကဖေါ်စုဆိုင်မှာ မုန့်ဟင်းခါးကျွေးပြီးတော့ ကိုတိုးပြန်လာခဲ့တယ်၊ အိမ်ကိုမရောက်ခင် ခေါ်ဘုမတို့ဈေးဆိုင်ရှေ့မှာလဲနေတဲ့အဖေ့ကို တွေ့လိုက်ရတော့ ကိုတိုးမျက်လုံးတွေပြာလာပြီး ကမူးရှူးထိုးနဲ့ အဖေ့ကို ပြေးဖက်လိုက်ပါတယ်၊

'အဖေ..အဖေ....ဘယ်လိုဖြစ်တာလဲ...အဖေရယ်.....'

'ဪ......'အင့်'

'အဖေကအရမ်းသောက်တာကိုးဗျာ......'

'ကိုတိုး..မင်းပြန်တော့...ငါမှာသောင်ပြန် ဖယ် ဘယ်သူကိုမှ ဂရုမစိုက်ဘူးကွ ...ဒါဘဲ....'

'ဪ...'အင့်'

အားလေးလျှော့လေးသံနှင့် အဖေ့ရဲ့ပြောစကား အဆုံးမှာတော့ အိမ်ထဲကခေါ်ဘုမရဲ့အသံကို ကိုတိုး ကြားလိုက်ရတယ်၊

'တွေ့လားဟဲ့.... အရက်သမားသားအဖလေး. ကြာလေငါတော့ကြည့်မရလေသဲ....အရက်သောက် ရင်ကောင်းကောင်းသောက်တာမဟုတ်ဘူး.....ဟို ထူ့လိုက်ကိုက်..ဒီလူ့လိုက်ကိုက်နဲ့.....'

ကိုတိုးခေါင်းတစ်ခုလုံးပူထူလာတယ်... မျက် လုံးတွေလည်းဘာမှမမြင်နိုင်အောင် ဒေါသက ကြီးမိုးလာပြီး ဇာတ်ခဲကို ကောက်လိုက်တယ်၊

'ခေါ်ဘုမကို သတ်မယ်........ဒီလောက် တောင်သူတစ်ပါးကိုပြောချင်တဲ့မိန်းမကြီး.....'

ဒီအချိန်မှာ အဖေက ကိုတိုးလို့ခေါ်ပြီး၊ အရမ်း ကိုအနိုင်နေတာကြောင့် ဇာတ်ခဲကိုချပြီး အဖေ့ကျောကို မီပေးလိုက်ပါတယ်၊ ဒီတော့မှ ကိုတိုး စဉ်းစားမိလာ တယ်၊

...ငါ့ထောင်ကျရင်..အဖေဘယ်သူနဲ့နေမှာ ယိ ကိုယ့်ဘက်ကပြန်ကြည့်ရင်လည်း မှန်နေတာတဲ့မ ဟုတ်လား.....ဒါကြောင့် အဖေ့ကို ထမ်းပြီးပြန် လာခဲ့တယ်၊ ...ဟင်း..စက်လိုက်တာအဖေရယ်။

နောက်နေ့မှာတော့ ဦးခင်မောင်အရက်မူးပြေ



## အဖေ့ကိုသတိရလိုက်တာ... အဖေ့သား[illegible]

သွားပြီး ကိုတိုးကိုပြောစရာရှိလို့ဆိုတာခေါ်ပါတယ်။ ကိုတိုးအဖေ့နားရောက်တော့ .....

'သား...ကိုတိုး... မင်းဆယ်တန်းအောင်ပြီ ဖြစ်လို့ ဘာလုပ်ချင်သလဲ...'

'ကျွန်တော် အဖေ့ကို ပြန်ပြီးလုပ်ကျွေးဖို့ အလုပ် လုပ်မယ်အဖေ....'

'ဟဲ...ဟဲ... မင်းမဆိုးဘူးကွ...ဒါပေမယ့် သားကိုအဖေဖြစ်စေချင်တာက...ဘုရားရှင်ရဲ့အမှု တော်ဆောင်တစ်ယောက်ဘဲ....အဖေကဆိုးပေမယ့် သားကိုတော့..ဘုန်းကြီးတစ်ပါးအဖြစ်..မြင်ချင်တယ် လေ...ဒါကြောင့် ...သားဆယ်တန်းအောင်ရင် ကျမ်းစာကျောင်းပို့မယ်လို့ ရည်မှန်းထားတာ....'

'သားကျမ်းစာကျောင်းတက်ရင် အဖေဘယ်သူနဲ့ နေမှာလည်းဗျာ.....'

'ဒါတွေအတွက် မပူနဲ့...အဖေတို့ရွာမှာက... ခရစ်ယာန်ဆိုလို့ ငါ့အိမ်ထဲမှိတာမဟုတ်လား... ဒါကြောင့် သားကြိုးစားရမယ်လေ.....'

ကိုတိုးရင်ထဲမှာတော့ ...သား..ကျမ်း စာကျောင်း..တက်ချင်ပါတယ်..အဖေ...ဒါပေ မယ့်..အဖေက..တစ်ယောက်တည်း...ဖြီတော့ အဖေက..........

ကိုတိုးဆက်မတွေးချင်တော့။

'ဟုတ်ကဲ့..သားကြိုးစားပါ့မယ်..'

ဆိုတဲ့စကားသာထွက်သွားပါတယ်၊ ဒီလိုနဲ့မေလမှာ ဘုန်းတော်ကြီးနဲ့တိုင်ပင်ပြီး လျှောက်လွှာတင်လိုက် တယ်။

မေလရောက်ပြီ၊ ကိုတိုးကျမ်းစာကျောင်းသွား ရဖို့ငါးရက်သာလို့တော့သတယ်၊ အဖေ့ကိုစိတ်မချဘူး။

စိတ်ထဲမှာ ဘာရယ်မသိ ခံစားနေရတယ်။ ဒါကြောင့် အရက်ဆိုတာမကောင်းမှန်းသိရက်နဲ့ ကိုတိုးရဲ့ခြေလှမ်း တွေက အရက်ဆိုင်ကို ဦးတည်လျက်........

ကိုတိုးမူးပြီးပြန်လာတော့ ဒေါ်ပုနှင့်ဒေါ်မြိုင်တို့ ပြောသံသဲ့သဲ့ကို ကြားလိုက်ရတယ်။

'အရက်သမားသားက..အရက်သမားဘဲဖြစ်မှာ ပါအေ.....ဒီပုံစံနဲ့ကျမ်းစာကျောင်းတက်တော့ ကော..ဘာထူးမှာလဲ....

မူးနေတဲ့အရက်တွေတောင် ပြေသွားပြီလားမသိ။ ကိုတိုးဒေါသကို မထိန်းနိုင်တော့၊ နားထဲမှာလည်း အ ရက်သမားသားက အရက်သမားဘဲဖြစ်မှာပါ.... ဆိုတဲ့စကားသံဟာ ထပ်ခါထပ်ခါကြားနေရတယ်၊ ဒီလောက်တောင် သူများကိုအတင်းပြောချင်တဲ့သူ တွေ...ဒုတ်တကျွေးလိုက်မယ်....ကိုတိုးစိတ်မ ထိန်းနိုင်တော့၊ အနီးမှာ ရှိတဲ့ ဒုတ်ကိုကောက်လိုက်ပြီး ဒေါ်ပုတို့ဆီကို ပြေးသွားတယ်၊...'အား'...ကိုတိုး ခလုတ်တိုက်ပြီးလဲကျသွားတာမို့ ခြေထောက်နှစ် ချောင်းလုံးပွန်းပဲ့ပြီ၊ သွေးများထွက်လာမှ အမှားကို သိရှိပြီး အိမ်ကိုပြန်ခဲ့တယ်။

၁၉၉၆-ခုနှစ်၊ မေလ(၂၆)ရက်နေ့ ကျမ်းစာ ကျောင်းဖွင့်တော့ ကိုတိုး၊ ကျမ်းစာကျောင်းကို ရောက် လာခဲ့တယ်။ ကျောင်းတက်လို့နှစ်လမပြည့်ခင်မှာဘဲ ကိုတိုးမခံစားနိုင်တဲ့သတင်းဆိုးကြီးရောက်လာတယ်။ .....'အဖေဆုံးပြီ'....တဲ့........။ ကိုတိုး ဘာလုပ်ရမှန်းမသိတော့၊ ရင်ထဲမှာ တင်းကျပ်နေ တယ်။ ကျမ်းစာကျောင်းတက်ဖို့ တိုက်တွန်းခဲ့တဲ့အဖေ့ မျက်နှာကို မြင်ယောင်လာပြီး မျက်ရည်တွေဟာလည်း အလိုလိုစီးကျလာတယ်။ ကိုတိုးဘာလုပ်ရတော့မှာလဲ အဖေရယ်.......။ ရင်ထဲမှာ ငိုရှိုက်ရင်း ကျောင်း အုပ်ဆရာကြီးထံမှာ ခွင့်တောင်းပြီး အိမ်ပြန်လာခဲ့ တယ်။ အိမ်ရောက်တော့ လူတွေက အများကြီးဘဲ၊ ကိုတိုးအဖေ့ဆီသွားပြီး မျက်နှာမှာ လွှမ်းထားတဲ့ ပိတ် ဖြူကိုခွါလိုက်တော့ အဖေ့မျက်နှာက ပြုံးပြုံးကြီး [illegible]

နေသလိုပါဘဲလား။ . . 'အဖေ. . . အဖေရယ်. .' ကိုတိုးရင်ထဲမှာ ဆို့နင့် စွာ ခံစားနေရတယ်။

'သားကို ဘုန်းတော်ကြီးတစ်ပါးအဖြစ် မြင်ချင်တယ်ဆို. . . . . အခုတော့သားက ဘုန်းတော်ကြီးတောင်မဖြစ်သေးဘူး. . . အဖေကသားကို ဘာဖြစ်လို့တစ်ယောက်တည်း ထားခဲ့တာလဲဗျာ. . . ။

ကိုတိုးရဲ့ပြောစကားတွေဟာ အပြင်ကိုထွက်မလာဘဲမျက်ရည်တွေကသာ ဦးခင်မောင်ရဲ့ကိုယ်ခန္ဓာပေါ်ကို တစ်ပေါက်ချင်း စီးကျနေပါတော့တယ်။

အဖေ့ကိုဖူးတွေပြီးသွားတော့ လူကတ်ချို့ရဲ့ပြောသံကို ကိုတိုးကြားခဲ့ရတယ်၊ အဖေသေတာ ဦးနှောက်သွေးကြောပြတ်လို့ဘဲ။ အရက်ရဲ့အကျိုးဆက်တွေလား မသိ၊ ကိုတိုးသတော့ ဘယ်လိုလားဖြေရမယ်ဆိုတာ မသိနိုင်ဘူးပေ။ အထီးကျန်ဆန်လှတဲ့ ဘဝကိုတော့ ကိုတိုးခံစားနေရတယ်၊ ဒါပေမယ့် အဖေဖြစ်စေချင်တဲ့ အသက်တာကို ရွေးယူမယ်လို့ဆုံးဖြတ်ပြီး ကျမ်းစာကျောင်းကိုပြန်လာခဲ့တယ်။ အချိန်ကြာလာသည်နှင့် အမျှ ဘုရားနှင့်ခွင့်နှေ့လျော့ရတဲ့အသက်တာကို ကိုတိုးပျော်မွေ့လာပြီး ကြိုးစားခဲ့တယ်၊ ဒီလိုနဲ့ နွေရာသီ ကျောင်းပိတ်တော့ ရွာကို အထီးကျန်လှစွာ တစ်ယောက်တည်းပြန်လာခဲ့ပါတော့တယ်၊ ကိုတိုးအိမ်ကို ရောက်တော့ အဖေ့ကို သတိရလိုက်တာ၊ အထီးကျန်တစ်ယောက်တည်းမို့ ကိုတိုးငိုချလိုက်ပါတော့တယ်။ ဒီအချိန်မှာ ဒေါ်ဘုမရောက်လာပြီး . . . . . 'ဆရာ ဒီညနေ ကျွန်မတို့အိမ်မှာ ထမင်းလာစားနော်. . .'

ကိုတိုး. . . . . 'ဟုတ်ကဲ့' လို့ပြောဖြစ်လိုက်တယ် ထင်ပါရဲ့၊ ခေါင်းတစ်ခုလုံးပူထူသွားပြီး ဒေါ်ဘုမရဲ့ခေါ်သံက ပဲ့တင်ထပ်နေတယ်၊ . . ဆရာ. . . ဆရာ. . . . . ဆရာ. . . . . ဆရာ. . . . . . . ဆရာ. . . . . .

ကိုတိုးအသက်တာပြောင်းလဲသွားပြီလား။ အဖေ့ရဲ့လမ်းဟာ ကိုတိုးအတွက် အကောင်းဆုံးဘဲဖြစ်နေပြီလား။ ကိုတိုးစဉ်းစားရပြီလေ၊ . . . အဖေ့ကိုသတိရလိုက်တာ. . . . ။ ဒါကြောင့် အဖေ့သင်္ချိုင်းရှိရာကို ကိုတိုးထွက်လာခဲ့တယ်၊ လမ်းမှာ ဒေါ်ပုနဲ့တွေ့တော့ . . . . 'ဆရာ. . . ဘယ်တုန်းက ပြန်လာလဲ. . ဆရာ့အတွက်ကျွန်မ ဝတ်လုံတစ်ထည်ချုပ်ထားတယ်. . ။

'ကျေးဇူးတင်ပါတယ်ဒေါ်ပုရယ်. . .' လို့ပြောဖြစ်လိုက်သာက လွဲလို့ ကိုတိုးစကားမပြောဘတ်တော့။ ကိုတိုးရင်မှာတော့၊ ဝမ်းသာမှု၊ ဝမ်းနည်းမှုတွေရောထွေးလျက် မျက်လုံးအိမ်က မျက်ရည်တွေကို ပုတ်ထုတ်ရင်း အဖေ့မြေပုံရှိရာကို လျှောက်လာခဲ့တယ်၊ အဖေ့မြေပုံဘေးနားမှာ ဒူးထောက်ပြီး စိတ်ထဲကနေ အဖေ့ကို ပြောလိုက်ပါတယ်။


. . . . . ကိုတိုးလေ. . . အဖေဖြစ်စေချင်တဲ့. . အဖေမြင်ချင်တဲ့. . အမှုတော်ဆောင်တစ်ယောက်ဖြစ်အောင် . . ဘုရားသခင်ရဲ့မေတ္တာ ချစ်ခြင်းဖြင့် . . . ဆက်ကာပ်လျက်ပါအဖေ. . . .

ကိုတိုးအဖေ့မြေပုံဘေးမှာ ဒူးထောက်ပြီး ဆုတောင်း နေလိုက်တာ ဘယ်လောက်ကြာသွားလဲမသိ၊ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဘုန်းတော်ကြီးနှင့် ဒေါ်ထူ ဒေါ်ဘုမ၊ ဒေါ်ပုနဲ့ မောင်မောင်တို့လူစုကို တွေ့လိုက်ရတယ်၊ ဒီအချိန်မှာတော့ ကိုတိုးရဲ့မျက်လုံးအိမ်ကမျက်ရည်တွေဟာ အဖေ့ရဲ့မြေပုံပေါ်ကို တစ်ပေါက်ချင်း စီးကျလာပါတော့တယ်။. . . . . . . . . . .

. . . ဝမ်းသာလိုက်တာအဖေရယ်. . . . . . . .

စောရော်ဘင်(ရေလဲကြီး)





# အချစ်ဆုံးကိုမွန်ရဲ့သူ

ကျွန်ုပ်တွင် ချစ်လှစွာသော ဇနီးနှင့် သားတစ်ယောက်ရှိပါသည်၊ ၎င်းသားသည် တစ်ဦးတည်းသောသားဖြစ်သည်သာမက အရွယ်လွန်ရိုန်မှ မျှော်လင့်ဘဲ ရရှိခဲ့သူဖြစ်၍လည်း ငိုယားရလောက်အောင်ချစ်ခဲ့မိပါသည်၊ ကျွန်ုပ်တို့ ဇနီးမောင်နှံ၏ အချစ်အားလုံးကို သားအပေါ်ပုံအပ်ထားခဲ့ပါသည်။ ယခင်ကနှစ်ဦးတည်းခြောက်သွေ့ဖွယ်မိသားစုသည် သားလေးရောက်လာသောအခါ စိုစိုပြေပြေဖြစ်လာခဲ့သည်။ သားလေး၏ 'အဖေကြီးကို. . . သားသိပ်ချစ်တာဘဲ . . . အဖေကြီးကောသားကိုမချစ်ဘူးလား. . . . . အိုး. . အမေကြီး. . . . သားဘာလုပ်ပေးရမလဲ. .' စသည့်လိမ္မာသိတတ်လွန်းခြင်းကြောင့် သားအပေါ် ရွှေဥသက်မက ချစ်ခဲ့ရသည်မှာ ကျွန်ုပ်တို့ဇနီးမောင်နှံပါ။ နေစရာ၊ စားစရာ၊ ဝတ်စရာ သင့်တင့်စွာဖြင့် မေတ္တာဂေဟာလေးအဖြစ် ချစ်ခြင်းမေတ္တာပြည့်ဝသည့် ကျွန်ုပ်တို့မိသားစုကို မည်သည့်အရာနှင့်မျှမလဲနိုင်ပါ။ ဤသို့ဤသို့ အစေပြည့်ဆည်းပေးသည့် ဘုရားရှင်၏ ကျေးဇူးတော်ကို [illegible] အသက်တာအဆုံးတိုင် အလိုတော်အတိုင်း တာသွေမတိမ်းလိုက်လျှောက်ပါမည်ဟု အကြိမ်ကြိမ် ကတိပြုမိပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့မိသားစုအတွင်း ကြေကွဲဝမ်းနည်းဖွယ်တစ်နေ့ကိုကြုံရသည်အိုလျှင်မှားအံ့ထောင်ပါ။ ထိုနေ့သည် သားအမိဖုတ်ယောက် အပြင်ထွက်နေချိန်ဖြစ်သည်၊ ကျွန်တော်သည် သားမရှိလျှင် မနေတတ်မထိုင်တတ် အထီးကျန်ဆန်ပြီး ခြောက်သွေ့နေတာပါဘဲလားဟု အိမ်ရှေ့ခန်း၌ တစ်ယောက်တည်းထိုင်တွေးနေစဉ် နားထဲသို့ အသံတစ်သံဝင်လာသလိုလိုခံစားရတယ်၊ အသေအချာနားစွင့်ကြည့်တော့၊ ကြားနေရပြီ. . . . . . . . ဘာတဲ့. . . . . .

'. . အာဖြုတ်. . . . အာဖြုတ်. . .

'ဟင်. . . ဒါ. . ဒါမှာ. . ဟိုတုန်းက. . ဒါကို ခေါ်နေကျအသံပါလား. . . ဒီအသံဟာ. . ကောင်းကင်တမန်ရဲ့အသံဘဲ. . ကျွန်တော်လည်း နေရာတွင်ဒူးထောက်ပြီး. . အို. . အရှင်. . အကျွန်ုပ်ရှိပါ၏. ဟု လျှောက်တဲ့ခဏ. . . . .

. သင်သည်. . သင်၏တစ်ယောက်တည်းသောသားကလေးကိုယူ၍. . မောရိပြည်သို့သွားလော့. . .

ငါပြလတဲ့သောဘောင်ပေါ်မှာ.. သူ့ကိုမီးရှို့ရာယဇ်ပြု ၍ပူဇော်လော့။..

အို.. သား.. သားလေးကို.. ပူဇော်ရမယ်တဲ့. ဟာ... ငါ.. ငါ.. ဘယ်လိုလုပ်ရမလဲ..

ထိုတခဏ်မှာ ကျွန်တော့်ရင်ထဲ နှလုံးသွေးတွေ ပြောင်းပြန်ဆန်သလိုခံစားရတယ်။ တုန်လှုပ်ချောက် ချားခဲ့ရတယ်။ အင်း... တခဏ်တွေဝေနေပြီးချိန်မှာ. ..အော်.. ဤသားဟာ ဘုရားရှင်ပေးလို့ရတာပါ သား။ ဘုရားကိုပြန်လည်ဆက်ကပ်ဖို့ငြင်းဆန်နေရင်. ..ငါဟာ........

ဒီလိုတွေးပြီး... အို.. အရှင်၊ အလိုတော်အတိုင်း သားကလေးကိုပူဇော်ပါ့မယ်လို့ ကျလုလုမျက်ရည်စ ကိုထိန်းယင်း ဝန်ခံကတိပေးလိုက်ပါတယ်။

အိမ်ရှေ့ခန်းတွင် ကျွန်တော်တစ်ယောက်တည်း ငိုင်တိုင်တိုင်နဲ့ ဘုရားရှင်အတွက် ပေးခဲ့ပြီးသောကတိ တော်ရဲ့လုပ်ဆောင်ရာများကို တွေးတောနေစဉ်

'ဟော့... အဖေကြီးရယ်.. အဖေကြီး.. သား တို့ ပြန်လာပြီ.... ဟာအဖေကြီးရဲ့... အဖေကြီးမရှိ ဘူလားမသိဘူး.. သားတို့ကိုလာလည်းမကြိုပါလား။

ကျွန်တော့်ရဲ့ခြေတွေ၊လက်တွေတုန်လို့ပါ လား။ ..အာ.. ဝါသား..ဝါသား...ဖေကြီး တဲ့။..ငါ..ငါ...သားကို ခွဲရတော့မှာပါလား... အို...

နှလုံးသားထဲကသံယောဇဉ်ကြောင့် လျှံကျလာတဲ့ မျက်ရည်စတွေကို အမြန်သုတ်ပြီး မျက်နှာပေါ်အပြုံး တု ဟပ်ထင်စေရင်း အိမ်တံခါးဝကို အမြန်ထွက်ပြီး သားလေးကို ကြိုခဲ့မိတယ်။ သူတို့သားအမိနှစ်ယောက် စလုံး သတိမပြုမိတဲ့ ကျွန်တော့်ရင်ထဲက ကြေကွဲမှုကို ကျွန်တော်ကောင်းကောင်းကြီး သိနားလည်ခဲ့ပါတယ် လေ။

အဲဒီည တစ်ညလုံးလုံး အိပ်မပျော်နိုင်သူဟာ ကျွန်တော်ပါ။ ချစ်ဇနီးတို့သားအမိ [illegible] ပျော်နိုင်ကြပေမယ့် မနက်ဖြန်အတွက် [illegible]

ကြိုတွေးယင်း အရာရာကို ဘုရားရှင်အလိုတော်ပင် ဖြစ်သည်ဟု အားတင်းဆုတောင်းရင်းဖြင့် မိုးစင်စင် လင်းခဲ့ပါတော့တယ်။ နံနက်မိုးလင်းသည်နှင့် ချစ်ဇနီး ကိုမိမိတို့သားအဖ ထာဝရဘုရားအားယဇ်ပူဇော်ရန် သွားရမည်ဟုပြောကာ မြည်းကိုကုန်းနှီးတင်ပြီးလျှင် မိမိသားကလေးကိုခေါ်၍ငယ်သားနှစ်ယောက်နှင့်အတူ မီးရှို့ရာယင်းကိုခွဲပြီးမှ ထာဝရဘုရား မိန့်တော်မူ သောအရပ်သို့သွားခဲ့ပါသည်။ သုံးရက်ခရီးသွားရသည် ဖြစ်ရာ ဤလောကပေါ် ချစ်လှစွာသောသားအား သုံး ရက်အတွင်းသာ အတူမြင်ရတော့မည်ဟုဆုံး ဖြတ်သည့်အတိုင်း အစစအရာရာ လိုလေသေးမရှိ အောင် ဖြည့်ဆည်းပေး ပေးခဲ့သည်။ ဤသို့ဖြင့် ယဇ် ပူဇော်ရန် တောင်ကိုလှမ်းမြင်ရသောအခါ ငယ်သား နှစ်ယောက်နှင့် မြည်းကိုထားခဲ့ကာ၊ ထင်းကိုသား ကလေးအပေါ်တင်၍ မီးနှင့်ဓါးကို ကျွန်တော့်လက်တွင် ကိုင်ကာ တောင်ပေါ်သို့တက်ခဲ့ကြပါသည်။

တောင်အတက် လမ်းတလျှောက် တိုးဝှေ့တိုက် ခတ်လာသော လေညင်းနှင့်အတူ ပတ်ဝန်းကျင်သဘာ ဝအလှအပများ၊ ဆိတ်သုဉ်းနေသည်ဟု ခံစားရသည်။ ထိုစဉ်သားလေးက ....

'အဖေကြီး... မီးပါ၏။.. ထင်းပါ၏။ ...ယဇ် ပူဇော်ရန်သိုးငယ်ကောမမြင်ပါလား.... ဟုမေးလာသောအခါ ကျွန်တော်... သားရဲ့မျက်နှာ ကိုဘယ်လိုကြည့်ရက်နိုင်ပါ့မလဲ။ သားရဲ့ဖုံးနေတဲ့ချစ် စဖွယ်နှုတ်ခမ်းနှစ်လွှာကြားက ထွက်လာတဲ့စကားလုံး တိုင်းဟာ ကျွန်တော့်နှလုံးသားကို တစ်စစီတစ်စစီ ဖဲ့ ခွဲနေတာ... ကျွန်တော့်နှလုံးသားကြေကွဲမှုကို သား မှမသိနိုင်တာလေ။... ကြေကွဲမှုများစွာနဲ့ နှလုံးသား ကလျှံထွက်လာတဲ့မျက်ရည်တွေ ပါးပြင်ပေါ် လျှောက နဲ့အဆင်း သားမမြင်သာအောင် လက်ခုံနှင့် လုစ်ကာ သုတ်မိတယ်။ ကျွန်တော့်ရဲ့တုန်လှုပ်ချောက်ချားမှုများ [illegible]နဲ့၊ နှလုံးသားရဲ့ သံယောဇဉ်ရှိက်သံတွေဟာ ကျွန် [illegible]ခမ်းကို စေထားနိုင်စွမ်းမရှိတာ.. ကြိုးစားအ



ထိန်းအသံမတုန်အောင်.... 'ယဇ်ရှို့ရာအဖို့သိုးငယ် ကိုဘုရားသခင်သည် မိမိအဖို့ပြင်ဆင်တော်မူမှာပါ သားရယ်...' လို့ပြောထွက်ခဲ့တယ်။

ဒီလိုနဲ့တောင်ပေါ်ရောက်တော့ ထင်းပေါ်မှာ ယဇ်ပလ္လင်တည်အပြီး၊ မိမိပြုသမျှအမှုသည် ဘုရားရှင် အလိုတော်ဖြစ်ရမယ်။ အလုံးစုံဟာ ဘုရားရှင်ထံမှဖြစ် ၍ ဘုရားရှင်အားပြန်လည်ဆက်ကပ်ခြင်းပြုရမည်ကို ဆုတောင်းအားယူကာ မိမိ၏အချစ် သံယောဇဉ်အား လုံးကိုကျောခိုင်းပြီး သားကို လက်မြန်ကြိုးတုတ် ပလ္လင် ပေါ်တင်မယ်ကြံတော့.... 'အဖေကြီး... အဖေကြီး ဒါဘာလုပ်တာလဲ..... သားကိုသိပ်ချစ်တယ်ဆို.. ခုသားကိုသတ်တော့မှာလားအဖေရဲ့.... ဒိုးအမေ ရယ်.. အဖေကြီးက.. သားကိုသတ်တော့မယ်.... လာကယ်ပါဒိုးအဖေကြီးရဲ့......

သားရဲ့ဝမ်းနည်းပက်လက် ငိုကြွေးသံဖြင့် တော့အားတင်းထားသမျှ အရည်ပျော်လုလုဖြစ်ခဲ့ရ တယ်။ နှလုံးသားကို မီးနဲ့တို့ထားသက် အခံရခက်တဲ့ ဝေဒနာတွေကို မျက်စိမှိတ်နားပိတ်ပြီး သားကိုယဇ် ပလ္လင်ပေါ်တင်ပြီး ကတိအတိုင်းပူဇော်ဖို့ပြုခဲ့တယ်။ သားရဲ့အော်သံတိုင်းဟာ ကျွန်တော့်ဘဝ၊ ကျွန်တော့် အသည်းနှလုံးကို မီးလောင်ပြာချ နေသလိုပါဘဲ။' ဓါးကိုမြှောက်တော့ ...အဖေရယ်.. မလုပ်ပါနဲ့.. အော်တော့.... အို.. သား.. သားလေးရယ်... သံယောဇဉ်ကြောင့် နှစ်ကြိမ်တိုင်တိုင် မြှောက်နေတဲ့ လက်ကိုပြန်ချဖြစ်ခဲ့တယ်။ ဒီအချိန်မှာ ဝန်းကျင်တ လောကလုံးဟာ ချာချာလည်နေသလိုပါဘဲလေ၊ ဝါပေမယ့် ငါ...ငါဟာ... ဘုရားသခင်အစေခံ ဘဲ.... ဘာငှါ့များအလိုတော်ကို တို့ဆိုင်းနေရမလဲ။ ဆိုတဲ့ အတွေးဝင်လာတဲ့အခါ ... ဒီတစ်ခါတော့.. သားကိုအပြန်တစ်ကယ်ပူဇော်တော့မယ်လို့ စိတ်ဒုံးဒုံး ချ... လက်အမြှောက် .. သားကိုဓါးနဲ့ခုတ်တော့ မယ်အပြု [illegible] သားရဲ့လည်တံပေါ် [illegible]...

... အာဗြဟံ... အာဗြဟံ....

တောင်းကင်းကအသံကိုကြားရတယ်။

အကျွန်ုပ်ရှိပါ၏အရှင်... လို့ပြန်ထူးတဲ့အခါ.. ..မလုပ်နဲ့.... ထိုလုလင်ကိုမထိနဲ့... သင်၏နောက် သို့လှည့်ကြည့်လော့။.. ထိုအရာအားဖြင့် ငါ့အားပူ ဇော်လော့.... ဟု မိန့်သံကြောင့် ကျွန်တော့်ရဲ့နောက် ဘက်ကိုလှည့်ကြည့်တဲ့အခါ မလှမ်းမကမ်းချုံပုတ်မှာ ချိုငြိနေဘာ..... ဟာ... သိုးငယ်ပါလား..။

ဝမ်းသာအားရ ပြေးသွားပြီး သိုးငယ်ကိုဖမ်း ကာ ထာဝရဘုရားအားယဇ်ပူဇော်ခဲ့ပါတယ်။ ဒီအခါ မှာကောင်းကင်ကအသံကို ထပ်မံကြားရသောက... ... အာဗြဟံ... သင်သည်.. ငါ့အား.. သင်၏ တစ်ယောက်တည်းသောသားကိုပူဇော်ရန် ငြင်းသော ကြောင့် သင့်အားအစဉ်အမြဲကောင်းကြီးပေးမည်၊ သင်၏အမျိုးအနွယ်ကိုလည်း ကောင်းကင်ကြယ်ကဲ့သို့ လည်းကောင်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့လည်းကောင်း၊ အစဉ်ပွါးများစေမည်၊ သင်၏အမျိုးအနွယ်သည် ရန် သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်ဟူ၍ မိန့်သံ ကြားခဲ့ရတယ်။ ကျွန်တော်ဟာဝမ်းသာကြီး.... အို.. အဘ... ကျေးဇူးတော်ကြီးလှပါသောအရှင် အကျွန်ုပ်၏သခင်.. အကျွန်ုပ်၏ ဘုရင်ပေတည်း။.. ဟူ၍ ချီးမွမ်းမြွက်ဆိုကာ ထိုတခဏ်အတွင်း၌ ပြောင်းလဲ မှုသည် ကြေကွဲဝမ်းနည်း ပူဆွေးသောကများစွာထက် အတိုင်းအဆမရှိသော ဝမ်းမြောက်ခြင်းကို ခံစားခဲ့ရ ပါတယ်။ သားကို ကြိုးဖြေပေးအပြီး ကျွန်တော့်ရဲ့ရင် ခွင်ဝယ် ပိုက်ပွေ့နမ်းရှုပ်မိသည်မှာ တစ်လောကလုံး သည်ချမ်းမြေ့မှု ငြိမ်သက်ပျော်ရွှင်မှု အတိ လျှံလို့ပင် ဖြစ်နေပါတော့သည်။

ကမ္ဘာဦးကျမ်း ၂၂း၁-၁၃ ကိုမှီ၍တင်ပြထားပါသည်။

လှိုင်း(ပထမနှစ်)




(၁)

ရွာအဝင်ခြေလှမ်းဟာ နေးကွေးလွန်းလှပါဘိ။ ရွာလယ်လမ်းမတလျှောက် စီတန်းနေတဲ့အုန်းပင်တန်းတွေအကြား အမေအသက်ရှိစဉ် စိုက်ပျိုးခဲ့တဲ့ အုန်းပင်ရှေ့အရောက် ခြေလှမ်းတို့ကနဲ့ အရပ်၊ အပင်ပေါ်မော့ကြည့်တော့ . . . . ဟာ. . . အုန်းသီးတွေပြွတ်သိပ်နေပါလား။ ရှေ့ဆက်အလျှောက် အမေ့အိမ်ဖြိုလေး ယိုင်နှိုနှို လှမ်းမြင်နေရတယ်။ ဟိုတုန်းကတော့ ရွာထဲကိုသားဝင်လာတာ အမေမြင်ရပြီဆိုရင်. . . ဝေး. . . . . . . သားရောက်လာပြီ. . . သား. . . အမေ့ဆီလာတယ်နော်. . . . ဆိုပြီး. . .

ကြိုဆိုခဲ့တာအခုတော့ သားကိုကြိုမယ့်သူ၊ အော်ခေါ်မယ့်သူမရှိတော့ပါလား။ အမေ့အိမ်ရှေ့အရောက် ငေးကြည့်နေမိတယ်။ မပြေမပြင်ထားခဲ့တော့၊ ဆွေးမြေ့နေပြီပေါ့အမေ။ မကြာခင်အမေ့နောက်လိုက်တော့မယ်ဆိုတာ အလိုလိုသိနေတယ်လေ။ အင်း. . . ခုတော့ ၊ နေကွယ်. . . ကြယ်ကွယ်. . . လကွယ်၊ တဲ့ညများနဲ့ တုန့်နှိုင်းမရတဲ့ အမေ့ကွယ်တဲ့ညပေါင်းများစွာကို သားရဲ့အသက်တာတလျှောက်လျှောက်နေရပြီအမေး အော်. . . . . ဟိုတုန်းကပေါ့ . . .ရယ်။

ိ ိ ိ ိ ိ

(၂)

သားရောက်လာတယ်. . . တစ်ယောက်ထဲလား။ အမေ့ဆီအိမ်မှာ ဓမ္မာတ်လား. . .

ဝမ်းသာကြည်နူးမှုယ်မျက်နှာနဲ့ ရှော်လင့်တကြီးကြိုဆို နှုတ်ဆက်သံကြား. . . . .

သားမအိပ်တော့ဘူးအမေ. . . ဧကအလည်လာတာ. . . . အိမ်မှာလည်းအလုပ်မအားဘူး. . . . ။ ဒါနဲ့ အမေဘာဟင်းချက်လဲ. . . . ဟင်းကောင်းရင်ထမင်းစားပြီးမှ ပြန်မယ်. . . . ။

အို. . ဝမ်းသာလိုက်တာသားရယ်. . သားထမင်းစားမယ်ဆို. . အမေကြက်သားချက်ကျွေးမယ်လေ. . ။ ဝေး. . . အမေကြီးရေ. . . သားသမင်းစားမယ်တဲ့. . ဟိုကြက်နှစ်ကောင်ထဲက အကြီးကောင်ကိုဖမ်းပေးပေါ။

သားအတွက်အမေလေ. . အမြတ်တနိုးမွေးထားတဲ့. . ကြက်နှစ်ကောင်ထဲက အကြီးကိုရွေးပြီးချက်ကျွေး ခဲ့တယ်။

. . တစ်ညတစ်လေတော့ အိပ်ပါဦးလားသားရယ် အမေလေ သားကိုသိပ်လွမ်းတယ်. . . ခဏတွေပြီးခဏနဲ့ပြန်မယ်ဆိုတော့. . . . . . . .

အမေ့မျက်လုံး. . . လွမ်းမောရိပ်ဝေဝေကြား. 'နောက်မှဘဲ အိပ်တော့မယ်အမေ'. . . အမေ့ကိုနှုတ်ဆက်. . ကျောခိုင်းကာ အိမ်အပြန်ခရီးကို ဦးစားပေးခဲ့တယ်။

ိ ိ ိ ိ ိ

(၃)

အမေအသည်းအသန်ဖြစ်နေတယ်တဲ့။ . . သတင်းစကားကြား. . . မိသားစုအရေး တမွေ့တပိုက်နဲ့. . . 'ဒီကနေ့တော့ နိုးချုပ်နေပြီ. . . . မနက်ဖြန်မှဘဲသွားတော့မယ်'. . . . . . . .

အမေ့ရွာအဝင် သားရင်ထဲတစ်မျိုးဘဲအမေ။ အရာရာဟာခြောက်သွေ့နေသလိုလို။ သားရင်ထဲ



နေသလိုလို။ အမေ့အိမ်ဆီလှမ်းလာတဲ့ သားခြေလှမ်းတွေဟာ ဟိုတုန်းကလို လန်းဆန်းတက်ကြွမှု မရှိတော့တာ. . . . ဘာလိုလဲဆိုတာ သားမသိနိုင်ပါအမေ. . ။ ရွာထိပ်ကိုမျှော်အကြည့်. . . အမေ့အိမ်အိုလေးလှမ်းမြင်နေရပြီ။. . . အော်. . အမေ့ကိုတွေ့ရတော့မှာပါလား။ အိမ်ရှေ့အရောက် အမေ့အိုမျက်နှာ ကြေညလင်ပါလား။ အမေ. . . အားသူအပြုံးနဲ့. . . 'သား. . . မင်းအမေမျှော်နေတယ်. . . မြန်မြန်လာခဲ့ပါ'. . .

အိမ်ခန်းထဲလှမ်းအဝင်. . အမေလေ, အရိုးပေါ်အရေတင်. . အိပ်ရာပေါ်လဲလျောင်းမှေးစက်နေတာနိုးတဲ့ပြင်းပြင်း သစ်ငုတ်အို သဏ္ဍာန်ပါကလား. . ဟိုတစ်ခါလာတုန်းကလို သားကိုနှုတ်မဆက်နိုင်တော့တာ. . ဒီအခါမှ. . . ငါ. . . ငါ. . နှောင်းသွားပြီထဲလေ။

အမေ. . . အမေ. . . သားရောက်လာပြီလေ. အားယူပြီး. . သားကိုကြည့်ချင်မြင်ချင်ဖော. . . အမေ့မျက်လုံးတွေ. . . လောကကိုရင်ဆိုင်နိုင်စွမ်းအား. . မဲ့နေပြီကော. . . ။ အမေဟာ မျက်လုံးမှ မဖွင့်နိုင်တော့တာ။ အမေ့ရဲ့မပွင့်တပွင့် နှုတ်နှစ်လွှာကြား. . . . နား. နားကပ်တော့. . 'သား. . သားရယ်'. . . တဲ့။ ငြီးတွားသံနဲ့နောက်ဆုံးနှုတ်ဆက်တဲ့ မပွင့်တပွင့်အပြုံးကိုဆင်ရင်း ထွက်သက်နှင့်အတူ အမေသားကိုနှုတ်ဆက်ခဲ့တယ်လေ။. . . .

ိ ိ ိ ိ ိ

(၄)

အမေ့ဝိညာဉ် ဘုရားရှင်ထံဆက်ကပ်အပ်နိုတဲ့ အခန်းအနားမှာ သားရင်ထဲတသိမ့်သိမ့်ရှိုက်ငိုခဲ့တာ ပါးပြင်ပေါ်မျက်ရည်စတွေအဖြစ်ပြောင်းခဲ့တာအမေ့အတွက်ပါ။ အမေ့အတွက်နောက်ဆုံးပြင်ဆင် ,ဆောင်ရွက်မှုတွေပြီးစီးလို့ အိမ်အပြန်လမ်းမှာတော့၊ သား. . သားလေ. . . မြင်ယောင်နေမိတယ်. . . တမ်းတသတိရနေမိတယ်။. . . ငယ်ငယ်တုန်းကအဖြစ်တွေကိုပေါ့။

သားကထမင်းမာတာမကြိုက်တတ်တော့. .

သားကို. . 'အဖိုးလေး. . ခေါ်ပြီ. . ထမင်းမစားရသေး ချက်ကျွေးတာ. . သားအတွက် ငါးအရိုးတွင်ပေးတာ။ ချိုချဉ်ချောကလက်အစား. . တောတောင်ထဲက. . မျှစ်ချိုချိုကျွေးတာ. . ရာသီအလိုက်သစ်သီးတွေ. . အရှာကျွေးတာ. . နွေလယ်ခေါင်မှာ. . ရေခဲသေတ္တာအစား သစ်ရွက်ဖုံးအုပ်ထားတဲ့ ရေအိုးထဲကရေအေးအေးကို တိုက်ကျွေးတာတွေဟာ ခုခေတ် ချောကလက်အိုဗာတင်။ ရေခဲမုန့်တို့နဲ့ မလဲနိုင်ပါဘူးအမေ။

သူများတွေလို အဖိုးတန်မဟုတ်တဲ့. . အမေ့ချွေးနံ့စာထဲက ရုပြီးဝယ်ပေးတဲ့ လုံချည်၊ အကျီတွေဟာ အဖိုးမဖြတ်နိုင်ပါအမေ။ . ဗုဒ္ဓသစောင်နဲ့ တူနိုင်းမရကောင်းတဲ့ အမေ့ရင်ခွင်အောက် နှိုဝင်မှေးစက်ခဲ့တုန်းကအခွေကိုယ်ငွေ့ကို တသဆဲပါအမေ။

အင်တေနံ့ ချစ်ခဲ့ရတဲ့ သားအပေါ် ခေတ်ပညာတတ်ဖြစ်အောင် မြို့ကျောင်းလွှတ်တဲ့နေ့က အမေ့ရဲ့အပြုံးကြား မျက်ရည်စတွေဟာ ခုထိ သားမျက်စိအောက်က ပြေမထွက်သေးပါအမေ။ . သားငိုရင် ချော့မော့ပြီး. . 'သားရယ်. . တိတ်နော်. . ဘာလိုသလဲပြော. . အမေပေးမှာပေါ့'. . တဲ့။

! ! ! ! !

(၇)

အမေရဲ့ယ်. . . ခုတော့လေ. . . . သားတို့အတွက်နေစရာကိုယ်ပိုင်အိမ်ကလေးတောင် မသတ်မှတ်နိုင်တော့ပါလား. . . . . . အမေကျွေးတဲ့အရိုးပေါင်းကို၊ အိပ်မက်ထဲတောင်ယောင် မမက်နိုင်ခဲ့ပါအမေ။ သစ်သီးချိုချိုတွေ. . သားနဲ့ဝေးရာမှာကျန်ခဲ့ပြီလေ။ အမေ့ချွေးမကော ပြောတယ်၊ အပေါင်ဆိုင်ထဲက. . . အထည်တွေ အရစ်မျှောဘက်နေပြီ. . ရှိတာကိုရှိရှိ သေသေဝတ်ရတော့မယ်တဲ့။ ဆန်တစ်ပြည် (၈၀)ကျပ်တဲ့။ လူနှစ်ယောက်ကို နို့ဆီတစ်လုံးနှုန်း ချက်စားရတော့မယ်တဲ့။ အမေကတော့ သားအတွက်ကြက်အကောင်ကြီးကြီးရွေးပြီး ချက်ကျွေးခဲ့တယ်နော်၊ ခုတော့ ကြက်ရိုးပေါင်းချိုချက်ရအောင်ပြောဖို့ ကြက်အနိုးတစ်

ဆယ်သားကို အစိတ်တဲ့ . . အမေ။ သားအတွက် ဝုက္ခဝေဒနာတွေကြားမှာ ဘယ်သူလာပြီးချော့မှာလဲ။ ဘယ်သူက ဘာတွေဖြည့်ဆည်းပေးနိုင်မှာလည်း. . . အမေ။

(၆)

အမေ့ရွာကိုရောက်တော့ အမေ့ရဲ့အိမ်အိုဟောင်းလေးဟာ ယိုင်နဲ့နေပြီအမေ။ ဒီအိမ်မှာအမေနေခဲ့တာ၊ လောကဓံကို ကြံ့ကြံ့ခံခဲ့တာ၊ သားအတွက် ထာဝစဉ်အပြုံးပေးခဲ့တာ၊ စိတ်ချမ်းမြေ့မှုပေးခဲ့တာ မိဘတ္တရားကျေပါပေ့အမေရယ်။ ဒါပေမယ့်. . . . အမေ့အတွက် ဘာတစ်ခုမျှ တုန့်ပြန်မှုမပြုနိုင်ခဲ့တာ၊ အမေနေမကောင်းတဲ့အခါ ပြုစုမှုမပေးခဲ့တာ၊ အမေဟာ သားအတွက်ဖြစ်ပေမယ့် သားဟာအမေ့အတွက် မဖြစ်နိုင်ခဲ့ပါလားအမေ. . . . သားမျက်နှာညိုးမှာစိုးတဲ့ အမေ့အတွက် သားလေ. . . . ဥပက္ခာပြုခဲ့မိတယ် အမေ။ ဒါတောင်မှ အမေရယ်. . . နောက်ဆုံးထွက်သက်မှာ . . . သား. . သားရယ် . . . တဲ့။ သားရင်ထဲ မချိပါအမေရယ်. . ။ ခုတော့ သားသိပြီပေါ့ ၊ အမေ့မေတ္တာဟာ ခံယူမှုမရှိတဲ့ ပေးဆပ်ခြင်းသက်သက်ဘဲဆိုတာ၊ ဒီအချိန်မှာ အမေ့ကို ဘယ်လိုပြုစုလို့ရတော့မှာလဲ။ သားဘယ်သူ့ကိုအမေခေါ်ရတော့မှာလဲ။ အမေဟာသားနဲ့အဝေးဆုံးကို ရောက်သွားပြီလေ။ အမေ့အတွက် သားလေးရဲ့ လွမ်းချင်းတစ်ပုဒ်ကို အမေသိနိုင်နားလည်နိုင်ပါတော့မလား။ အချိန်ဟာ နှောင်းသွားပြီဘဲအမေ။ အမေ. . ဘယ်မှာလဲ။ အို. . အမေ. . . အမေ. . . အမေရယ်။

'ကျွေးသောလက် မဆန့်ခင်. . . ဆန့်သောလက် မကျွေးခင်. . '

'မိဘကိုအသက်မှင်စဉ်အခါလုပ်ကျွေးပါ။ သေပြီးမှ မငိုပါနဲ့။'

မိဘကို ရိုသေလော့။(ထွက် ၂၀:၁၂)

**(Honour Your Father and Mother)**

လှိုင်း(ပထမနှစ်)



# အနာဂတ်ဆီသို့ . . .

# JOSHUA

## ( ပထမနှစ် )



အရှေ့ဆီမှ ထွက်ပေါ်လာစ နေခြည်များက ကမ္ဘာမြေကို ဖြတ်ကျော်ဝင်ရောက်လာခဲ့သည်။ လေပြေများက ချမ်းအေးမှုကို ယူဆောင်ရင်း ညင်သာစွာတိုက်ခတ်ဆဲ၊ နှင်းငွေများက ကမ္ဘာမြေကိုဖုံးလွှမ်းလို့ ငှက်ငယ်များရဲ့အော်ဟစ်သံက ဆိတ်ငြိမ်မှုကို ဖြိုခွင်းလိုက်သည်။ ထိုအချိန်ဦးထွန်းမောင်တစ်ယောက် ဆောင်းသတာ၀၊ ဆောင်းအလှကိုခံစားရင်း ရေပြင်တွင် လှေငယ်လေးကို လှော်ခတ်နေသည်။ သူ့ရဲ့လှော်ခတ်ပုံတွင် အားမာန်မပါ၊ ညင်သာလွန်းသည်။ သူ့ရဲ့စိတ်အစဉ်မှာလည်းအတိတ်ဆီသို့ဦးတည်လိုက်သည်။

'ဟေး. . ကိုထွန်း. . ဒီည ငါတို့ခရစ္စမတ်အတွက်သီချင်းလိုက်ဆိုမယ်ကွာ. . . အဲဒါမင်းလည်းလိုက်ခဲ့ပါလား. . . သူငယ်ချင်းများရဲ့ခေါ်သံကိုကြားသည့်အလား ကိုထွန်းနေလိုက်သည်။ ကိုထွန်းလိုက်ချင်ပါသည်၊ အရမ်းကိုလိုက်ချင်ပါသည်၊ သို့သော်ကိုထွန်းမလိုက်နိုင်. . . ဘာ့ကြောင့်လဲ. . .

ကိုထွန်းသည် မိသားစုခြောက်ယောက်တွင် သူသည် သားလတ်၊ အစ်ကိုနှင့် အစ်မတစ်ယောက်ရှိသည်။ ညီမတစ်ယောက်ရှိသည်။ ကိုထွန်းသည်လွတ်လပ်မှုမရှိ၊ ငယ်စဉ်ကပင်မိဘများကချုပ်ကိုင်ခဲ့သည်၊ သွားချင်သော်လည်း မသွားရ၊ လုပ်ချင်သော်လည်းမလုပ်ရနှင့် ကိုထွန်းဘဝသိမ်ငယ်လှသည်။ ကိုထွန်းအသက်နှစ်ဆယ်ရှိပြီ၊ ကိုထွန်းကိုယ်ပိုင်လွတ်လပ်ခွင့်မရှိ၊ ဒါကြောင့် သူငယ်ချင်းများကို ပြတ်သားသောအဖြေမပေးရဲ၊

'ဟေ့ကောင်. . . ကိုထွန်း. . မင်းမလိုက်ဘူးလားကွ'

'အိမ်ကိုပြန်မေးလိုက်ဦးမယ်ကွာ. '

မရေရာသောအဖြေကိုပေးလိုက်သည်။ ဒါ. . ကို

ထွန်းရဲ့ဖြေနေကျအဖြေဗို့ သူငယ်ချင်းများသူ့ကိုထားခဲ့ကြသည်။ ဒီလိုနှင့်ပင် ကိုထွန်းအတွက်ခရစ္စမတ်သည် ဘာမှန်းမသိခဲ့ပေ၊ ခရစ်ယာန်နာမည်ကိုသာ ကိုထွန်းသိသည်။ ဘာမှန်းမသိခဲ့။

တစ်နေ့..........

'ဟေ့ကောင်... ကိုထွန်း... မင်းဟာ အကြောက်ကြီးတဲ့ကောင်တစ်ယောက်ဘဲ.... မင်းအမေ အမေကိုမင်းဒီလောက်ကြောက်ရသလားကွ... မင်းမှာပျော်စရာဘာတွေရှိလဲ....

သူငယ်ချင်းများရဲ့ ပြောဆိုမှုကို ကိုထွန်းအမြဲခံနေရသည်။ ဒီလိုနဲ့ ကိုထွန်း အပြောခံရမှုများလာသောအခါ ကိုထွန်းမခံနိုင်တော့။ ကိုထွန်းဆုံးဖြတ်လိုက်သည်။ ကိုထွန်းအိမ်ကို တင်းတင်းကြိတ်ရင်း၊ ခြေလှမ်းများကို ရွာလယ်အရက်ဆိုင်ဆီသို့ ဦးတည်လိုက်သည်။ တစ်ခါမှ မသောက်ဘူးသောအရက်ကို မြိန်ရှက်စွာသောက်လိုက်တော့သည်။ အမေအမေကိုတော့ ကိုထွန်း အသေကြောက်သည်။ ဒါကြောင့် ညဉ့်နက်မှ အိမ်သို့ပြန်ခဲ့သည်။

ဒီလိုနှင့်မှားမှန်းမသိ မှားနေတော့သည်။ နေ့စဉ်မပြတ် ကိုထွန်းဘဝကို အရက်တွင် နစ်မြှုပ်လိုက်သည်။ စိတ်ဝေဒနာကို ဖြေသာဖို့ရန် ဤနည်းကိုသာ ကိုထွန်းအသုံးပြုနေသည်။ အမေအမေမှာတော့ ဘာမှမသိရှာ။ ဒီလိုနှင့် အရက်ကို စွဲမှန်းမသိ စွဲလာခဲ့သည်။ မသောက်ရရင်မနေနိုင်တော့။ အရက်တစ်ခွက်ဝင်တိုင်း ကိုထွန်းရဲ့သတ္တိတွေဝင်လာသည်။ ပြောရဲ ဆိုရဲ လုပ်ရဲလာသည်။ တစ်နေ့............

ငါဒီနေ့ဘယ်လိုလုပ်ပြီးသောက်ရမှာလဲ.....
ကိုထွန်းစိတ်တွင် ရေရွတ်လိုက်သည်။ ကိုထွန်းတွင် ပိုက်ဆံမရှိ။ ကိုထွန်းဘာလုပ်မလဲ။ ကိုထွန်းဆုံးဖြတ်လိုက်သည်။ အိမ်သို့ပြန်ကာ ဆန်နှစ်ပြည်ခိုးပြီးနောက် အရက်ဆိုင်သို့ အရက်နှင့် လဲလိုက်တော့သည်။ တဖြည်းဖြည်းကိုထွန်းသူခိုးဘဝ အဆင့်မြင့်လာခဲ့သည်။ သူများအိမ်တွေ [illegible] ခိုးလာတော့သည်။ ဒီလိုနှင့် ပင်

ကိုထွန်းဘဝ ပျက်နေပြီ။ ဒီလိုနှင့် ခိုးလာရာနောက်ဆုံးတွင် ထောင်နန်းစံရလေတော့သည်။ ကိုထွန်းမိဘများ ကိုထွန်းကို မကယ်နိုင်။ ဒီလောက်ချစ်ချယ်လာတာဘယ်လိုဖြစ်သွားတာလဲ။ အဖြေကတော့ ကိုထွန်းတစ်ယောက်ဘည်းအသိပင်။


ထောင်မှလွတ်၍ ကိုထွန်းအိမ်ထောင်ကျခဲ့သည်။ သားသမီးများထွန်းကားခဲ့သည်။ သားကြီးပင်ဆယ်တန်းအောင်ခဲ့ပြီ။ သားငယ်နှင့် သမီးငယ်သည် ဆယ်တန်း။ ကိုထွန်းဘဝ၊ ကိုထွန်းချစ်သောဇနီး၊ သားသမီးများကို ကိုထွန်းကောင်းမွန်စွာပြုစုလာခဲ့သည်။ ကိုထွန်းသားသမီးများကို လွတ်လပ်ခွင့် အပြည့်အဝပေးခဲ့သည်။ ကိုထွန်းသူ့ဘဝကိုသူ နားလည်ခဲ့သည်ဖို့ပင်။

ဦးထွန်းမောင်အတွေးများ ပြတ်တောက်သွားသည်။ ခရစ္စမတ်အတွက် အလှူငွေထည့်ရန်နှင့် သားသမီးများအတွက် အဝတ်အစားများဝယ်ပေးရန် ဆောင်းဦးပေါက်ကဘည်းကရေပြင်တွင် ဦးထွန်းမောင်သည်။ သားသမီးများအတွက် ဦးထွန်းမောင်ဘစ်ယောက်ပျော်နေမိသည်။ ခရစ္စမတ်မှာ သားသမီးများအကောင်းဆုံးပျော်ရွှင်နိုင်အောင် ဦးထွန်းမောင်အမြဲကြိုးစားသွားနေဦးမည်။ သားသမီးများလည်း ဦးထွန်းမောင်ကိုအမြဲတမ်းနားလည်လျက်ပင်။

ပျော်စရာခရစ္စမတ်သည် ဦးထွန်းမောင်မိသားစုအတွက် ဖြစ်ပါစေဟု ဆုတောင်းရင်း အနာဂါတ်ခရီးသစ်းသို့ဆီ မှန်းမျှော်လျက်ပင်။

**Joshua**(ပထမနှစ်)






(မဿဲ ၁၆း၂၄၊ ၁၀း၃၈၊ လုကာ ၁၄း၂၇)
ငါ့နောက်သို့လိုက်လိုသောသူဖြစ်လျှင် ကိုယ့်ကိုယ်ကိုငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက် သို့လိုက်ရမည်။

(မဿဲ ၁၆း၂၅၊ ၁၀း၃၉၊ လုကာ ၁၇း၃၃၊ ယောဟန် ၁၂း၂၅)
အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။

(မဿဲ ၁၆း၂၆ လူသည်ဤစကြာဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။

❀ ❀ ❀

ကျွန်တော်ဟာ နေ့တစ်နေ့ကမှ ဒီနေရာကိုရောက်လာခဲ့သူပါ၊ ဝမ်းမြောက်ကြည်နူးဖွယ်အပြုံးနဲ့ပေါ့။ ဘုရားရှင်အတွက် ကျွန်တော်၊ ကျွန်တော့စကျွအလင်းမကွယ်သေးတော့ ဟိုကြည့်ဒီကြည့်နဲ့ ဟိုးအဝေးကို မျှော်ကြည့်မိတဲ့အခါ မြင်ယောင်မိတယ်၊ မျက်စိထဲမှာလေ။ အင်း.....လူတွေ..လူတွေ...ကိုယ့်ကိုယ်ကို လက်သည်းနှင့် ဆိတ်ကြည့်တော့

ဟာ....ငါလည်းလူပါလား။

ကျွန်တော်ငယ်ငယ်တုန်း..ကလေးဘဝကျောင်းတက်ချိန်မှာ အဖော်မဲ့တစ်ယောက်တည်းအထီးကျန်နေတဲ့အခါ နေမသိဆိုင်မသာ၊ ငိုရမလို၊ ရီရမလို ဖြစ်နေခဲ့၊ တဒင်္ဂအချိန်။ နေ့တာဘယ်အချိန်ကုန်ဆုံးမလဲ။ ကျောင်းဆင်းအိမ်ပြန်ချိန်အတွက် ဆန္ဒတောနေမိတယ်။

အင်း .. နောက်ရက်...နောက်ရက်တွေမှာ ပေါ့..သူငယ်ချင်း...လာလေ...ဒို့နဲ့အတူတူကစားရအောင်....မုန့်စားရအောင်...စုတဲ့တေးသံကြား.. သူလဲငါ၊ ငါလဲသူ။ တစ်လုံးတစ်ဝမိတ်ဖွဲ့'စည်း'ချိန်မှာ ကျွန်တော့်အတွက် နေ့တာအကုန်တောလိုက်တာ။ အဲဒီကာလတွေမှာ ပျော်စရာအတိမင်္ဂလာနေ့ရက်တွေပါဘဲကလား။

မိဘ၊ ဆရာ၊ ဆရာမတွေလည်း တော်သား၊ တတ်သား၊ လိမ္မာလိုက်တဲ့ငါ့သား၊ ငါ့တပည့်. . . တဲ့။ ဘာလို့လဲ? အသီးကျန်မဟုတ်တဲ့ 'မိတ်' တွေအလယ် ဝင်ဆန့်၊ ပညာချွန်သားလေးပေမို့ပေါ့။ စဉ်းစားမိတယ်ဒါ. . . ဘုရားရှင် အလိုတော်ဘဲလို့။ ဒီတုန်းက ကျွန်တော့်နှလုံးသား အဖြူထည်အတွေး၊ အပြုံးတွေလျှံလို့ပါ။

စာသင်ခန်းထဲ ဆရာ၊ဆရာမအမေး

ဟော့မောင်. . . . . . . ပြောပြစမ်း။ မင်းဘာလို့စာမကျက်လဲ။ ဟိုမှာ. . မင်းရဲ့သူငယ်ချင်းကသိပ်တော်တာ. . . . အပြောကြား . . . ကျွန်တော့်ကြိုးစားလိုစိတ်ဆွပေးခဲ့တယ်။ ကြိုးစားခဲ့တယ်။ သူ့ကို မမီပေမယ့် ယှူကြုံးမရမဖြစ်ခဲ့ပါ။ ကိုယ်ရတဲ့အရာနဲ့ ပျော်တပြုံးပြုံးပါဘဲ။ ငါ့အတွက်. . ဆွေမျိုးအတွက်. . အတွေစိတ်တွေ မြူတစ်မှုန်ပင်မငြိခဲ့ပါ။ သူငယ်ချင်းကို အများကြား၊ နှလုံးသားကြား၊ ဒီကောင်ဟာ အလကား၊သူ့အဖေအရက်သမား၊ သူ့ကိုဝိုင်းရိုက်ရအောင်၊ စတဲ့မနာလိုစိတ်ကင်းခဲ့တာ၊ ကျွန်တော်ကလွဲရင် ဘုရားသိ တယ်။ ကျွန်တော့်နှလုံး သားအဖြူထည်ကင်းမဲ့နေခဲ့တာတွေ၊ ဒီတုန်းက ဘုရားဟာ ချစ်ခြင်းမေတ္တာဖြစ်လို့ တစ်လုံးတစ်ဝတည်းရှိရမယ့်သွန်သင်ချက်ကို ဖြူစင်စွာ နှလုံးသွင်းခဲ့တယ်လေ။

အင်း. . . ခုတော့. . .

ငယ်ငယ်တုန်းက ဖတ်ရွတ်၊ နှလုံးသွင်းခဲ့တဲ့အရာတွေ အသစ်လဲနေကြပါပကောလား။ ငါလူကြီးဖြစ်နေပြီလား။ လူကြီးလို့ဘဲ ပြောရမှာပေါ့လေ။ အသက်က သုံးဆယ်ကျော်လာပြီကိုး။ (မဿဲ ၁၁း၁၆။ မြွေကဲ့သို့လိမ္မာ၍ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းကြလော့)ဟူ၍ ဖော်ပြထားတယ်။ ဟုတ်ပြီ. . ငါ. . ငါ. . လိမ္မာပါးနပ်စွာနဲ့ ငါ့အတွက်၊ ငါ့ဆွေမျိုးအတွက် လုပ်ရမယ်။ ငါဟာငါ တပင်တပန်း ကြိုးစားရှာထားရတာ။ ရသမျှငါ့အတွက်ဘဲ။ စားစရာရှိသမျှ ငါနဲ့ငါ့မိသားစုအတွက်။ မနိုင်ရင် လွှင့်ပစ်ရုံပေါ့။ ဘာလို့တခြားသူကို [illegible] ပေးနေဦးမှာလဲ။ ဒါတွေအားလုံး ငါ့အတွက်။ ငါ့ရှေ့ ဘယ်သူမှ ကျော်မတက်အောင် လုပ်ရမယ်။ ဒီလိုဒီလို တွေးလာမိခဲ့တယ်။


ငယ်ငယ်တုန်းက ခင်မင်ရတဲ့သူငယ်ချင်းအပေါ် အင်း. . . ဒီကောင်ကို . . ဒီအတိုင်းလက်ပိုက်ကြည့်နေလို့မဖြစ်ဘူး။ ဒီကောင်ဟာ ငါ့အတွက် အန္တရာယ်ဖြစ်နိုင်တယ်။ မသိမသာ ဝေးဝေးတွန်းထားမှ။ လုံးဝမရရင် ဖြောင်ဘဲချတော့မယ်။ ငါ့ကို ဘယ်သူပြောနိုင်မှာလဲကွာ။ ဒါတွေဘဲတွေးမိတော့ (မဿဲ ၁၆း၂၄-၂၆) ဖော်ပြထားချက်ဟာ ကျွန်တော့်ရဲ့ကျောဘက်ကျန်နေခဲ့ပြီလေ၊ ဒီတော့ ကျွန်တော်နေတဲ့ဝန်းကျင်နဲ့ 'မိတ်' ဖွဲ့ဖို့ သတိမရတော့ဘာ၊ ငယ်ငယ်တုန်းကလိုသူငယ်ချင်းတွေနဲ့ ပျော်မဆုံး၊ မော်မဆုံး၊ တပြုံးပြုံးနဲ့ နေအဝင်စောတဲ့အဖြစ် ကလေး ခံစားချက် 'ရသ'လေးတွေကို ဘယ်နေရာမှာ တွေ့နိုင်တော့မှာလဲလေ။

ဖိလိပ္ပိ ၃း၁၆ မှာ တစ်လုံးတစ်ဝတည်းလို့ ဖော်ပြထားတာကို လူဘုံအလယ် 'မြွေတွန်သံ' အားဖြင့် လိမ္မာကောက်ကျစ်စွာ အသံကောင်းဟစ်ပြီး၊ ကျွန်တော့်နှလုံးသားအဖြူထည်ကင်းမဲ့နေခဲ့တာ. . . . . . . . ' ကိုယ့်ကိုယ်ကို လက်သည်းနဲ့ဆိတ်ကြည့်လို့ 'အား. . ကနဲ နာကျင် မှုအသိ။ ဟာ. . . ငါ. . ငါ. . . . . .

နိုးထလာတဲ့အသိကြား ကျွန်တော့်အတွက် အနာဂတ်ဟာ 'မိတ်' ကင်းလို့ အထီးကျန်ရတော့မှာပါလား။ 'အသီးမရှိဘဲ့အပင်ကို ခုတ်၍ မီးထဲပစ်ချကြလော့' အို. . ငါဘဝ. . ငါ့အသက်တာ. . ငါ့ဝိညာဉ်သွားရမယ့်နေရာဟာ . . . . . . . .

ဒီအတွေးတွေ နိုးထလာတဲ့အခါ. . .
**အင်း. . . . ငါလိုနေသေးပါလား**

လှိုင်း(ပထမနှစ်)




ယနေ့သည် ကျွန်မတွက် အပျော်ရွှင်ဆုံးနေ့ပင်ဖြစ်ပါသည်၊ မြန်မာပြည်၏မြို့တော်ကြီး၌ လေးနှစ်တာကာလပတ်လုံး ဓမ္မပညာရပ်များကို ဆည်းပူးခဲ့ပြီးယခု ကျွန်မ၏ဇာတိမြို့သို့ ပြန်လည်ရောက်ရှိလာခြင်းကြောင့်ဖြစ်သည်။ ယခင်နှစ်များ၌ နွေရာသီကျောင်းပိတ်ရက်တာကာလများအတွင်း ခေတ္တသာပြန်ခွင့် ရရှိခဲ့သည်၊ ကျောင်းပိတ်ခိုက် ခဏ မိဘများနှင့်အတူ နေထိုင်ခြင်း၊ မိတ်ဟောင်းဆွေဟောင်း သူငယ်ချင်းများထံ အလည်အပတ်သွားခြင်း၊ မိခင်အသင်းတော်ကြီး၌ တက်ကြွစွာပါဝင်ခြင်း အစရှိသောလွတ်လပ်သည့်ပျော်ရွှင်မှုများသည် ကျောင်းပြန်ဖွင့်သည့်နေ့၌ တစ်စစီပြယ်လွင့်ခဲ့ရသည်၊ ပြန်လည်တွယ်ငြိစပြုနေသော သံယော

ဇဉ်အနောင်အဖွဲ့မှ မျက်စိစုံမှိတ် ရုန်းထွက်ရင်း ကျောင်းတော်ကြီးဆီသို့ ပြန်လာခဲ့ရသည်။

ယခုနှစ်၌ ကျွန်မတက်ရောက်ပညာသင်ကြားနေသော မွေ့တကတ္တသိုလ်ကြီးမှ မွေ့ဝိဇာဘွဲ့ကိုဆွတ်ခူးပြီး ဇာတိမြို့သို့အပြီးတိုင် ပြန်လည်ရောက်ရှိလာခဲ့သည်။ မိခင်အသင်းတော်ကြီး၌ပင်တာဝန်ထမ်းဆောင်ရန်လည်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင်ယခင်နှစ်ကျောင်းပိတ်ရက်များကဲ့သို့မဟုတ်ဘဲ ဤနှစ်တွင် ကျွန်မသည်ပိုမို၍ လွတ်လပ်ပေလိမ့်မည်။ ကျွန်မ၏လွတ်လပ်သောပျော်ရွှင်ကြည်နူးမှုများကို ပြန်လည်ပိတ်ဆို့စေမည့် ကျောင်းဖွင့်ရက်များလည်းမရှိတော့ပေ။

ကျွန်မအိမ်သို့ပြန်ရောက်ပြီး တစ်ပါတ်အတွင်း သူငယ်ချင်းများထံသွားရောက်ခြင်း၊ မိဘများနှင့် တဝကြီးစကားပြောခြင်း၊ အသင်းတော်ရှိအိမ်များသို့ အလည်အပတ်သွားခြင်းဖြင့် မအားနိုင်အောင်ပင်ရှိခဲ့သည်။ ယခုအပါတ်တနင်္ဂနွေတွင် မိခင်အသင်းတော်ကြီး၌ ဘုရားကျောင်းတက်ပြီးလျှင် အသင်းတော်အသစ်တစ်ပါးဆီသို့ သွားရောက်ရန် ကျွန်မသူငယ်ချင်းနီနီက ပြောထားသည်။ ထိုအသင်းတော်အသစ်အကြောင်းကို ကျွန်မတစ်စွန်းတစ်စ ကြားသိနေခဲ့သည်မှာကြာခဲ့ပြီ။ ယခင်နှစ်နွေရာသီကျောင်းပိတ်ရက်များ၌သွားရောက်ဖို့ကြိုးစားခဲ့သော်လည်း ကျွန်မ၏နည်းပါးလှသော အချိန်ကလေးကို ဖဲ့မပေးလိုခဲ့ပေ။

ထူးခြားသည်မှာ ဤအသင်းတော်၏အမည်ပင်ဖြစ်သည်၊ ကျွန်မတက်ရောက်ဖူးသည့်၊ ကျွန်မကြားသိဖူးသည့် အသင်းတော်များနှင့် ကွဲပြားခြားနားမှုရှိနေသည်။ အင်္ဂလီကန်အသင်းတော်၊ မက်သဒစ်အသင်းတော်၊ နှစ်ခြင်းအသင်းတော် အစရှိသော ဂိုဏ်းဂဏဆန်သည့်အခေါ်အဝေါ်များလည်း မပါရှိပေ။ ထို့အပြင်အသင်းတော်ကိုယ်တိုင်ပင် ထူးခြားဆန်းသစ်နေသည်။ ဘုရားကျောင်းမရောက်မီ ခေါင်းလောင်းသံကို အစဉ်ကြားရသည်။ ခေါင်းလောင်းသံသည် ကျွန်မ၏

ရင်ကိုကြည်နူးလှုပ်ခတ်သွားစေသည်။ ထိုအသံကြောင့်ပင်ထူးခြားမှုကို ကြုံရတော့မည်ဖြစ်ကြောင်း အလိုလိုသိနေသည်။ ကျွန်မမျက်စိရှေ့၌ ပေါ်လာသောဘုရားကျောင်းပုံသဏ္ဍာန်သည် ဆန်းဆန်းပြားပြားမဟုတ်သော်လည်း ရိုးသစ်နေသည်ဟုပင် ဆိုချင်ပါသည်။ ရိုးသားမှုနှင့် ဆန်းသစ်မှုတို့ပေါင်းစပ်ထားသည့်ပုံသဏ္ဍာန်ဖြစ်သည်။

ဘုရားကျောင်း၏ တာဝန်ခံအမှုတော်ဆောင် (ဘုန်းတော်ကြီးဟုပင် သုံးနှုန်းချင်သည်)၏ အားရလှိုက်လှဲသော ကြိုဆိုမှုကို ဝမ်းမြောက်စွာခံစားရသည်။ သူသည်ကျွန်မ မတွေ့ဘူးသော အမှုဆောင် အဝတ်အစား (ဝတ်ရုံရှည်)ကို ဝတ်ဆင်ထားပြီး သူနှင့် လည်းလိုက်ဖက်လှသည်။ သူ၏မျက်နှာ၌ ရိုးသားမှု၊ သန့်ရှင်းဖြောင့်မတ်မှုတို့ကို အထင်းသားမြင်ရသည်။ အသင်းသူအသင်းသားများသည်လည်း ပျော်ယောက်



နှင့်တစ်ယောက် ချစ်ခင်ကြည်နူးစွာစကားစမြည်ပြောလျက်ရှိသည်။ ကျွန်မကိုတွေ့သောအခါ အားလုံးလာရောက်နှုတ်ဆက်ကြသည်။ ထိုအထဲတွင် အလွှာပေါင်းစုံ၊ အဆင့်အတန်းမျိုးစုံပါဝင်နေသည်။ ပို၍ထူးခြားအံ့ဩဖွယ်ကောင်းသည်မှာသူတို့သည် အချင်းချင်းမခွဲခြားဘဲ တန်းတူရည်တူ ဆက်ဆံနေကြခြင်းပင်ဖြစ်သည်။ နူနာစွဲသူကို ပခုံးဖက်စကားပြောနေသူသည် ရုပ်ရည်ချောမောလှပ၍ (ရန်အောင်နှင့် ခပ်ဆင်ဆင်တူပါသည်) နောက်ဆုံးပေါ်အဝတ်အစားများဝတ်ဆင်ထားသော လူငယ်တစ်ဦးဖြစ်သည်။ ခြေတစ်ဘက်ခွင်နေသောအဖွားအိုကြီးကိုဖေးမ၍ တွဲလျှောက်လာသူမှာ အမျိုးသမီးလေးတစ်ဦးဖြစ်သည်။ အားလုံးသောသူတိုင်းသည် မိသားစုတစ်စုတည်းအသွင် ပေါ်နေပါသည်။

ဝတ်ပြုကိုးကွယ်ခြင်း၌ သီဆိုကျူးကြေသောမွေ့သီချင်းများသည် တက်ကြွရွှင်လန်းလျက်ရှိသည်၊ သီဆိုသူတိုင်းက စိတ်ပါလက်ပါ အားတက်သရောရှိကြသလို စန္ဒယားတီးခတ်သူ၏လက်သံနှင့် စန္ဒယားအသံကပင် အလိုလိုကခုန်နေသယောင်ရှိသည်။ ဆုတောင်းသူ၏အသံသည် အားရ လှိုက်လှဲမှုရှိသလို တရားဒေသနာကြားနာရာ၌လည်း ကယ်တင်ခြင်းတရားကို ယခုပင်ခံစားနေရသည်။ ဘုရားကျောင်း၏ ပလ္လင်တော်၊ ပန်းအိုး၊ ပန်းများ၊ မီးတိုင်များသည်ပင် လှုပ်ရှားသက်ဝင်နေကြသည်။ စည်းချက်ယိမ်းနွဲ့နေကြသည်။ ပလ္လင်တော် နောက်ဘက်ခေါင်းစီးစာတမ်းသည် ဤအသင်းတော်၏ အဓိကကျမ်းချက်ပင်ဖြစ်ပေမည်။

'ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်းငါမြင်၏'
(ဗျာဒိတ်ကျမ်း ၂၁း၁)

ဘုရားကျောင်းအပြီးတွင် အသင်းတော်ဝင်မိသားစုများသည် မြက်ခင်းပြင်၌ စုရုံး၍ မိမိတို့ပါလာသောအစားအစာများကို စေမျှသုံးဆောင်ကြသည်။ သည်တစ်ခါနူနာစွဲနေသူအား အစာခွံ့ကျွေးနေသူမှာ နုနယ်လှပသည့် အမျိုးသမီးလေးဖြစ်နေသည်။ လူငယ်လေးသည် ယခုတစ်ခါအနာစိမ်းများဖြင့် တစ်ကိုယ်လုံးပြည့်နေသော လူကြီးကို တယုတယ မြက်ခင်းပေါ်တွဲခေါ်လာသည်။ ထိုသို့အယုတ်အလတ်အမြတ်မရွေး တစ်ပေါင်းတစ်စည်းတည်းဖြစ်နေသောအသင်းတော်ကိုကြည့်ရင်း ကျွန်မစိတ်၌ မဖော်ပြနိုင်သော ကြည်နူးဝမ်းသာမှုသည် အစဉ်ဖြစ်ပေါ်နေသည်။ အစားအသောက်များစားသောက်ပြီးသော် သမ္မာကျမ်းစာလေ့လာခြင်း၊ မွေ့သီချင်းများ သီဆိုလေ့ကျင့်ခြင်းများပြုကြသည်။

အစီအစဉ်တိုင်း၌ ပါဝင်တိုင်း၊ ပါဝင်တိုင်း ကျွန်မသည် အတိုင်းမသိသောပီတိအဟုန်ဖြင့် လွတ်မြောက်မှုကို ခံစားနေရသည်။ ကျွန်မကိုယ်ခန္ဓာ၌ ကြက်သီးမွေးညှင်းများထနေသည်။ ဤကဲ့သို့သောခံစားမှုမျိုး အာဝစဉ်ရရှိရန် ဤအသင်းတော်၌အမြဲပါဝင်ဖို့ ကြိုးစားရပေမည်။ ကျွန်မတွေးတောစဉ်းစားနေခိုက်

"ဟေ့ဟေ့. . သူငယ်ချင်း. . ထတော့. . ဘုရားကျောင်းသွားကြမယ်" ဟူသောအသံကြောင့် အိပ်ယာမှနိုးလာခဲ့သည်။ သူငယ်ချင်း နီနီရောက်ရှိနေပေသည်။ ကျွန်မမျက်နှာသစ်ရန် အိပ်ယာမှထလိုက်သည်။ အိပ်မက်ထဲ၌ ကျွန်မတွေ့ကြုံခဲ့ရသော အသင်းတော်အကြောင်း နီနီ့ကို ပြောပြရဦးမည်။ ။ ။

ကိုမျိုး (ပြည်)

## သွားခေါ်နေလို့

ကျမ်းစာကျောင်းသားလေး မောင်အောင်တစ်ယောက် ခရစ္စမတ်ခရီးစဉ်မှာ ခင်မင်ခဲ့ရသဲ့ လှိုင်းသာရွာက မသူဇာဆီကို စာရေးထားတာမို့ စာအလာကို မျှော်နေမိတယ်။ တစ်နေ့မှာ.. မသူဇာဆီက စာရလို့ ဝမ်းသာအားရဖတ်လိုက်တော့ စိတ်ပျက်စွာနဲ့ ခေါင်းကို ကုတ်နေမိပါတယ်။ စာထဲမှာတော့...

'ဆရာက သတိရတယ်ဆိုလို့ ဝမ်းသာပါတယ်။ ကျွန်မကတော့ဆရာ့ကို မေ့နေတယ်။...ဟို..သွားခေါ်ခါနဲ့ ဆရာလား.....တဲ့'

ရှမ်းဘုတ်(ရေလဲမြေ)

## ဆုတောင်းနည်းသစ်

ကျမ်းစာကျောင်းသားတစ်စု ရွာတစ်ရွာမှာ သေဆုံးသူတစ်ဦးရှိတာမို့ သွားရောက်ဝတ်ပြုကြတယ်။ ဒီအချိန်မှာ ကျမ်းစာကျောင်းသားတစ်ဦးရဲ့ ဆုတောင်းလိုက်ပုံကြောင့် လူအားလုံးရဲ့အူတွေ ကသိကလီ ဖြစ်ကုန်ကြတော့တယ်...

ဆုတောင်းလိုက်ပုံက....

'အို..အဘဘုရား...ကိုယ်တော်ရှင့်သားအာနာမ် ဝိညာဉ်ကို ကိုယ်တော်ရှင်၏ 'ရင်ဘတ်'ပေါ်မှာ ထာဝစဉ်သိမ်းထားပါ'.. ဟူသတဲ့။

ရှမ်းဘုတ်(ရေလဲမြေ)

## ပြုံးစရာ

## ပြောလိုက်ပုံက

ကျမ်းစာကျောင်းသားကျောင်းသူတစ်စု မြစ်ဝကျွန်းပေါ်ကို ခရီးထွက်ခဲ့ရင်း အိမ်တစ်အိမ်ကထမင်းစားဖိတ်တာကြောင့် သွားရောက်စားကြပါတယ်။ ထမင်းစားပွဲက ကျဉ်တာကြောင့် တစ်ချို့ကထိုင်၊ တစ်ချို့က ဆောင့်ကြောင့်ထိုင်ရတယ်။ ဒီအချိန်မှာ အိမ်ရှင်အမျိုးသမီးငယ်တစ်ဦး ပြောလိုက်တဲ့စကားကြောင့် အားလုံးပြုံးစိစိ ဖြစ်ကုန်ကြတော့တယ်။

သူမပြောလိုက်တာကတော့...

'ဆရာ၊ဆရာမတို့ အားမနာကြနဲ့နော်.. အားရပါးရစားကြ... **'မင်းမျှ'စားကြ**...ဟူ၏။

ရှမ်းဘုတ်(ရေလဲမြေ)

## ဦးပြုံးရဲ့ဆုတောင်းချက်

ဦးပြုံးဆုအများကြီးတောင်းသည်။ ကောက်သစ်စားသောအချိန်တွင် အထူးဆုတောင်းပြီး ဝပ်းကျိုတစ်ခုလုံးအတွက် ဘုရားရှင်သိဆက်ကပ်ပြီး အများကြီးဆုတောင်းခဲ့သည်။ တစ်နေ့သောအခါ ဦးပြုံးထံ သူငယ်ချင်းဧည့်သည်တစ်ယောက် ရောက်လာသည်။ ထမင်းစားဝိုင်းတွင် သူငယ်ချင်းက ဆုတောင်းရန်ကို စောင့်နေသည်။ ဦးပြုံးကား ဆုမတောင်းဘဲ ထမင်းစားနေလေပြီ။ သူငယ်ချင်းက ဘာကြောင့် ဆုမတောင်းကြောင်းမေးသည်။ ထိုအခါ ဦးပြုံးက....

'ဝပ်းကျိုတစ်ခုလုံးအတွက် အများကြီးဆုတောင်းပြီးပြီ။ ဒါကြောင့် ထမင်းစားတဲ့အခါ ဆုတောင်းစရာ မလိုတော့ဘူး' ဟု ဖြေလိုက်လေသတည်း။

နိုင်ဖြူ



## ၁၉၉၇-၉၈ ခုနှစ်၊ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်တွင် သင်ကြားပို့ချသော ဆရာ၊ ဆရာမ များ။

| အချိန်ပြည့် ဆရာ/မ များ။ | သင်ကြားသောဘာသာရပ် |
|---|---|
| ၁။ ဘုန်းတော်ကြီး အက်စ်ထန်အုပ် (ကျောင်းအုပ်) | **Doctrine, Liturgy** |
| ၂။ ဘုန်းတော်ကြီး စောဇော်ဒို | **New / Old Testament, Systematic Theology** |
| ၃။ ဘုန်းတော်ကြီး ဘိဘင်ထူး | (ခေတ္တ ဝင်ကာပူ) |
| ၄။ ဘုန်းတော်ကြီး စဖော်လွင် | (ခေတ္တ ကနေဒါ) |
| ၅။ ဘုန်းတော်ကြီး အက်စ်သန်းမြင့်ဦး | **Old Testament, Church History, Philosophy** |
| ၆။ သင်းထောက်စံမြတ်ရွှေ | **New/Old Testament, How Came the Bible.** |

| အချိန်ပိုင်း ဆရာ/မ များ။ | သင်ကြားသောဘာသာရပ် |
|---|---|
| ၁။ ဘုန်းတော်ကြီး ဗီသန်းလွင် | တရားဟောကြားခြင်း။ |
| ၂။ သိက္ခာတော်ရဆရာ စမင်ငှုလ်ဇာယောင်း | **Mission and Evanglism, Ecumenic** |
| ၃။ ဆရာစောဖိုးစိန် | **English grammar** |
| ၄။ ဆရာစောစီးဟဲ | **Music** |
| ၅။ ဆရာမ အယ်ဒရေးလာမြတ် | **Religious Education, World Religion** |
| ၆။ ဆရာမ နှိုဘာမူးဖင်း | **English Speaking, Psychology** |

## ၁၉၉၇-၉၈ စာသင်နှစ် ကျောင်းသူ/သားများ။

### ပထမနှစ်

| | |
|---|---|
| ၁။ အောင်လင်းထင် | (ရန်ကုန်သာသနာပိုင်နယ်) |
| ၂။ ထွန်းထွန်းဝင်း | (ရန်ကုန်သာသနာပိုင်နယ်) |
| ၃။ လင်းထွန်းဝင်း | (ရန်ကုန်သာသနာပိုင်နယ်) |
| ၄။ အောင်မိုးသူ | (ရန်ကုန်သာသနာပိုင်နယ်) |
| ၅။ [illegible] | (ရန်ကုန်သာသနာပိုင်နယ်) |
| ၆။ [illegible] | (ရန်ကုန်သာသနာပိုင်နယ်) |
| ၇။ ကျော်ဒွေးဝင်း | (ရန်ကုန်သာသနာပိုင်နယ်) |
| ၈။ နန့်ဖောင်ယာ | (ရန်ကုန်သာသနာပိုင်နယ်) |
| ၉။ ဒေးဗစ်ဇော်ထူး | (မြစ်ကြီးနားသာသနာပိုင်နယ်) |
| ၁၀။ နော်စောရန်မိုင် | (မြစ်ကြီးနားသာသနာပိုင်နယ်) |
| ၁၁။ ရှာလုမ်နော်လုမာ | (မြစ်ကြီးနားသာသနာပိုင်နယ်) |
| ၁၂။ နော်ပါးဖော | (မြစ်ကြီးနားသာသနာပိုင်နယ်) |
| ၁၃။ စောလို | (တောင်ငူသာသနာပိုင်နယ်) |
| ၁၄။ ခရစ္စတိုဖာ | (တောင်ငူသာသနာပိုင်နယ်) |
| ၁၅။ စတီဗင် | (တောင်ငူသာသနာပိုင်နယ်) |
| ၁၆။ ဦးထွန်းဝ | (ပုသိမ်သာသနာပိုင်နယ်) |

## ဒုတိယနှစ်

၁။ စောရိုးရှို (တောင်ငူသာသနာပိုင်နယ်)
၂။ စောတင်ဆင် (တောင်ငူသာသနာပိုင်နယ်)
၃။ အောင်မမြူ (စစ်တွေသာသနာပိုင်နယ်)
၄။ အောင်ဆိုက် (စစ်တွေသာသနာပိုင်နယ်)
၅။ မောင်မောင် (စစ်တွေသာသနာပိုင်နယ်)
၆။ လတ်ခိုဆတ် (မန္တလေးသာသနာပိုင်နယ်)

## တတိယနှစ်

၁။ စောမောင်မောင်နိုင် (ရန်ကုန်သာသနာပိုင်နယ်)
၂။ ဆလိုင်းဒါဝိဒ် (ရန်ကုန်သာသနာပိုင်နယ်)
၃။ လိုင်းတို့ (စစ်တွေသာသနာပိုင်နယ်)
၄။ ယော့ထွန်း (စစ်တွေသာသနာပိုင်နယ်)
၅။ နန်းယိုး (စစ်တွေသာသနာပိုင်နယ်)
၆။ ကေထွန်းယာဒ် (စစ်တွေသာသနာပိုင်နယ်)
၇။ ယောဇရို (တောင်ငူသာသနာပိုင်နယ်)
၈။ စန်းရှိုး (တောင်ငူသာသနာပိုင်နယ်)
၉။ စစ်ကျော် (တောင်ငူသာသနာပိုင်နယ်)
၁၀။ နီကမွီး (တောင်ငူသာသနာပိုင်နယ်)
၁၁။ ဆိုမူဖော (တောင်ငူသာသနာပိုင်နယ်)
၁၂။ ကျော်ထိန်လင်း (တောင်ငူသာသနာပိုင်နယ်)
၁၃။ မျိုးထက်နိုင် (မန္တလေးသာသနာပိုင်နယ်)

## သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ ရှေ့လုပ်ငန်းစဉ်များ။

၁။ လိုအပ်သော စာအုပ်များ ဆက်လက်စုဆောင်းရန်၊
၂။ စာကြည့်တိုက်တွင် လိုအပ်သော စာအုပ်စင်များ ဆက်လက်လုပ်ဆောင်ရန်။
၃။ ဆရာ/ဆရာမ များ ဆက်လက်မြှုပ်နှံမွေးထောင်ရန်။
၄။ လက်ရှိဆရာ/ဆရာမများအရည်အချင်းကို သာသနာပိုင်ချုပ်နှင့် ဆွေးနွေးမြှင့်တင်ရန်။
၅။ ထိရောက်သောသင်ကြားရေးအစီအစဉ်များအတွက်နည်းလမ်းများ ရှာဖွေ လုပ်ဆောင်ရန်။

ဆလိုင်းဒါဝိဒ်
တတိယနှစ်
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်

ရှာလုံ
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်
၁၁၃၊ အင်းလျားလမ်း
[illegible] ရန်ကုန်မြို့။